၂၀၁၉ ခုနှစ်၊ မေလ (၃) ရက်နေ့၌ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးမှတ်တမ်း

**၁။ ရည်ရွယ်ချက်**

(၂၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည် -

- စတုတ္ထအကြိမ်မြောက် EITI အစီရင်ခံစာနှင့် နောက်ဆက်တွဲအစီရင်ခံစာ (Supplementary Report) အကြောင်းတို့အား တင်ပြရန်
- ပဉ္စမအကြိမ်မြောက် EITI အစီရင်ခံစာအတွက် IA ငှားရမ်းမည့် အခြေအနေနှင့် အစီရင်ခံစာကာလ နှင့်စပ်လျဉ်း၍နောက်ဆုံး အခြေအနေအား တင်ပြရန်
- EITI Standard 2019 အားရှင်းလင်းတင်ပြရန်
- Systematic Disclosure ၏ ToR အားရှင်းလင်းတင်ပြရန်
- Recommendation Workshop နောက်ဆုံးအခြေအနေအားတင်ပြရန်
- EITI Global Conference နောက်ဆုံးအခြေအနေအားတင်ပြရန်
- BO နောက်ဆုံးအခြေအနေအား တင်ပြရန်
- သစ်တောကဏ္ဍအစီရင်ခံစာ ဘာသာပြန်မှုအား အတည်ပြုချက် ရယူရန်
- Mining Cadastre Phase II Consultant ရွေးချယ်ထားမှု အခြေအနေအား တင်ပြခြင်း
- MEITI Work Plan နှင့်ပတ်သက်၍တင်ပြရန်
- "Exposure trip on mining decentralization to Indonesia" ခရီးစဉ်နှင့် EITI Reflection Conference နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန်

အစည်းအဝေးအစီအစဉ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

**၂။ အစည်းအဝေးတက်ရောက်သူများ**

အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရကိုယ်စားလှယ် (၇) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက် ကိုယ်စားလှယ် (၈) ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNUs) မှ (၅) ဦး၊ MOBD မှ (၃) ဦး၊ မိတ်ဖက်အဖွဲ့အစည်းများမှ (၂၄) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး NCS မှ (၁၄) ဦး၊ PwC Myanmar မှ (၂) ဦး၊ စုစုပေါင်း (၇၁) ဦး

(ကျား -၄၉ ဦး ၊ မ - ၂၂ ဦး ) တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေး စိတ်အား နောက်ဆက်တွဲ (၂) တွင်ဖော်ပြအပ်ပါသည်။

## ၃။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

ယနေ့ (၂၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းကို တက်ရောက်လာကြတဲ့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးတာဝန်ခံ ဦးစိုးဝင်း၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များ၊ SNU အဖွဲ့ဝင်များနှင့် တက်ရောက်လာကြတဲ့ အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ EITI စတုတ္ထအကြိမ်မြောက်အစီရင်ခံစာကို မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့ တင်သွင်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ ထင်ဟပ် ပါဝင်စေမည့် နောက်ဆက်တွဲအစီအရင်ခံစာကိုလည်း IA ဖြစ်သည့် PWC Myanmar က ထပ်မံ တင်သွင်းရန် သဘောတူထားပြီ ဖြစ်ပါကြောင်း၊ ထပ်မံတင်သွင်းရန် ဆောင်ရွက်နေသည်များလည်း သိရှိရပါကြောင်း၊ ဤအစီအရင်ခံစာ ထွက်ရှိရန်အတွက် လိုအပ်တဲ့အကြံပြုချက်တွေ၊ သဘောထား မှတ်ချက်များကို ဆွေးနွေးအဖြေရှာနိုင်ရန် Recommendation Workshop တစ်ခုကိုလည်းပဲ ဧပြီလ (၂၃) ရက်နေ့မှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့ဝင်များ၊ လုပ်ငန်း ကော်မတီမှ တာဝန်ရှိသူများပါဝင်၍ ကျင်းပခဲ့ပါကြောင်း၊

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က တာဝန်ရှိသူတွေလည်း လာရောက်ခဲ့ပြီး ရှင်းလင်းတင်ပြမှုတွေလုပ်ခဲ့ကြောင်း၊ နောက်ပြီးတော့ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်ကို စီမံခန့်ခွဲမှု (Financial Management) ဘဏ္ဍာရေး ပိုင်းဆိုင်ရာစီမံခန့်ခွဲမှု Financial Management ကိစ္စများ အဆင်ပြေချောမွေ့စွာ ဆောင်ရန် နိုင်ရန်အတွက် Financial Management Consultant တကယ်ဆောင်ရွက်ဖူးသည့် အကြံပေးဖြစ်သူ ဦးစိုး အား စာချုပ်ချုပ်ဆိုထားပြီး ဦးစိုးအနေဖြင့် MOBD တွင်သာ ရုံးထိုင်ပြီးတော့ ဆောင်ရွက်လေ့ရှိပါကြောင်း၊

Mining Cadaster Consultant ငှားရန်ခြင်းနဲ့ ပတ်သက်ပြီးတော့ Short Listed Firm သုံးခုက ပေးပို့လာသည့် Financial Proposal များနှင့် Technical Proposal များအနက် Technical Proposal များကို ဧပြီလ (၂၂) ရက်နေ့တွင် ဖွင့်ဖောက်ပြီးနောက် ဧပြီလ (၃၀) ရက်နေ့တွင် Mining Cadaster

Phase II Contingency Evaluation Committee အနေဖြင့် Technical Proposal များကို အကဲဖြတ်သုံးသပ်ပြီးပြီဖြစ်သည်ဟု သိရှိရပါကြောင်း၊

ထို့နောက် Beneficial Ownership ကိစ္စတွင် ထုတ်ပြန်ရမည့် Precedential Decree နှင့်ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါကြောင်း၊ ထိုကဲ့သို့ တောင်းခံထားသည့် အချိန်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့ အဆိုပါကိစ္စ နှင့် ပတ်သက်ပြီး ၎င်းတို့ရုံးသို့ လာရောက်ရှင်းလင်းတင်ပြပေးရန် တောင်းဆိုသည့်အတွက် NCS ရုံးနဲ့ MOBD က တာဝန်ရှိသူတွေ သွားရောက်ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အချို့အချက်အလက်များကို ပြန်လည်ပြင်ဆင်ပေးပြီးနောက် သဘောထားမှတ်ချက်များကို ပြန်လည်တောင်းခံထားကြောင်း၊ BO Task Force ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ၂၆-၄-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင်လည်း Precedential Decree မူကြမ်းအပေါ်မှာ ထပ်မံဆွေးနွေးခဲ့သည်ဟုသိရှိရကြောင်း၊ ထွက်ရှိလာသည့် ဆွေးနွေးချက်များကို Decree မှာထပ်မံထည့်သွင်းပြီးတော့ ထုတ်ပြန်နိုင်ဖို့အတွက်ကို ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်း၊ မိမိတို့ ဆက်လက်အကောင်အထည်ဖော်မည့် EITI အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို ပြောင်းလဲသွားသည့် EITI Standard များနှင့်ချိတ်ဆက်၍ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ EITI Standard ပါအချက်အလက်များနှင့်အညီ မိမိတို့၏ workplan ကိုလည်းပဲ update ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အတွက် Grant Agreement Extension ၊ Cost Extension ဆောင်ရွက်ဖို့ ကိစ္စနှင့်ပတ်သက်ပြီးတော့ ကမ္ဘာ့ဘဏ်က EITI Team Leader ဖြစ်သည့် Mr. Morten Larsen ထံသို့ MOBD မှ မေးမြန်းထားပါကြောင်း၊

၂၀၁၉ ခုနှစ် (၁၈-၁၉) တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပပြုလုပ်မည့် EITI Global Conference သွားရောက်ရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ ကြိုတင်ညှိနှိုင်းအစည်းအဝေးကိုလည်း မနေ့က ကျင်းပပြုလုပ်နိုင်ခဲ့သည်ဟု သိရှိရကြောင်း၊ ထိုသို့သွားရောက်ရန်ကိစ္စများအား ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့နောက် IA ငှားရန်ဆောင်ရွက်သည့်အခါ ကန့်သတ်ချက်တစ်ခုအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားရန်လိုအပ်သည့်အတွက် အဆိုပါကိစ္စနှင့်ပတ်သတ်ပြီး လိုအပ်ချက်တစ်ချို့ကို ကင်းလွတ်ခွင့်ပြုပေးနိုင်ပါက ပြုနိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးထံသို့ မြန်မာနိုင်ငံ EITI ညှိနှိုင်း ရေးမှူးရုံးက စာဖြင့် ပေးပို့ထားသည်ဟု သိရှိရကြောင်း၊ စာရင်းစစ်ချုပ်ရုံးထံမှ

ပြန်ကြားမှုမရရှိသေးကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) တွင် ပဉ္စမအကြိမ် EITI အစီရင်ခံစာအား ပုံမှန်အတိုင်း တင်ပြရမည်ဖြစ်ကြောင်း၊ ထို့အတွက် REOI များကို ဝက်ဘ်ဆိုဒ်များတွင် တင်ပြ၍ မေလ (၂၇) ရက်နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရန် ခေါ်ယူထားကြောင်း၊ IA ရွေးချယ်သည့်လုပ်ငန်းများဆောင်ရွက်သည့်အခါ ပြီးခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ စေ့စပ်သေချာစွာ ဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

## ၄။ စတုတ္ထအကြိမ်မြောက် MEITI အစီရင်ခံစာနှင့်နောက်ဆက်တွဲအစီရင်ခံစာ (Supplementary Report) အား PwC မှ ဆွေးနွေးတင်ပြခြင်း

၁။ PwC မှတင်ပြရာ၌ အစီရင်ခံစာအား ရှင်းလင်းတင်ပြခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ EITI Secretariat နှင့် MSG ၏ မှတ်ချက်များ၊ reconciliation ရလဒ်များအား အကြမ်းပြင်တင်ပြခြင်းနှင့် အကြံပြု တိုက်တွန်းချက်များအား တင်ပြမည်ဖြစ်ကြောင်း၊ Stakeholders များ၏ မှတ်ချက်များအား တုန့်ပြန် ဖြေရှင်းထားသည့်အပိုင်းများ၌ EITI Secreatriate ၏ မှတ်ချက်ပါအတိုင်း ဖြေရှင်းထားကြောင်း၊ ကျန်ရှိနေသည့်အပိုင်းများတွင် Oil and Gas ကဏ္ဍ၌ Production Value များအား MOGE ထံမှ မရရှိသေးသဖြင့် မဖော်ပြထားသေးကြောင်း၊ သတ္တုကဏ္ဍ၌ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ မြန်မာဘာသာဖြင့် ပေးပို့ထားသည့် Coordinate data များအား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် လိုအပ်နေကြောင်း၊ သို့သော် Contract and Permit များ၏ Application date များအား သက်ဆိုင်ရာဌာနများက ပေးပို့ရန် ကျန်နေသေးကြောင်း တင်ပြခဲ့သည်။

၂။ နည်းပညာအကြံပေးမှလည်း ဒေတာရရှိမှုဆိုင်ရာအချက်များသည် EITI Requirement များ နှင့် ချိတ် ထားကြောင်း၊ အချို့အချက်များသည် စံနှုန်းအသစ်နှင့်ပါဝင်လာသဖြင့် အဆိုပါလုပ်ငန်းစဉ်များအား Work Plan တွင်ထည့်သွင်းရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက PSC စာချုပ်များ၌ Production ဒေတာများအား Quantity ခွဲပြီးမှ ရောင်းခြင်း၊ မရောင်းခြင်းအား ဆုံးဖြတ်ကြကြောင်း၊ မရောင်းခင် ဈေးနှုန်းမသင့်ပါကြောင်း၊ အရောင်းတန်ဖိုးသည် Production Value ဟု ပြောနိုင်ပါကြောင်း၊ ထို့ကြောင့် အရောင်းစာရင်းရရှိပြီးဖြစ်သဖြင့် သီးသန့်ဒေတာထပ်ပေးရန် မလိုဟု ထင်မြင်ကြောင်းဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့နှင့်တွေ့ဆုံဆွေးနွေးစဉ်က Production value အား မတောင်းခံခဲ့ကြောင်း ဆွေးနွေးခဲ့သည်။

၃။ ထို့နောက် **နောက်ဆက်တွဲအစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ အတွက် ထုတ်လုပ်မှုတန်ဖိုးကို IA မှ အစည်းအဝေးတွင် တင်ပြထား သည့်အတိုင်း တွက်ချက်၍ ထည့်သွင်းဖော်ပြပေးရန်၊ ယင်းတွက်ချက်ပုံနှင့်စပ်လျဉ်း၍ IA မှရှင်းလင်းတင်ပြချက် ထည့်သွင်းရန်၊ OA အကောင့်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖော်ပြရေးသားရန်၊ Training Fund နှင့် Research and Development Fund အတွက် MOGE မှ အသေးစိတ်ဖော်ပြရှင်းလင်းချက်အား ပေးရန်၊ Report Cover အတွက် MEITI ကိုထင်ဟပ်စေမည့် Cover သုံးပေးရန်** စသည် အချက်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် **NRGI မှ Resource Person အားဖိတ်ခေါ်၍ BO သင်တန်းပေးရန်အတွက် MEITI Work Plan ၏ ဘတ်ဂျက်လိုင်း 3.2.1 – Capacity Development မှ သုံးစွဲခွင့်ပြုရန်**လည်း ဆုံးဖြတ်ခဲ့ကြသည်။

## ၅။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းစဉ် (BO) နောက်ဆုံးအခြေအနေများအား တင်ပြခြင်း

၁။ နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ နိုင်ငံတော်သမ္မတရုံးအမိန့်စာမူကြမ်း ရေးဆွဲရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ မတ်လ (၁) ရက်၌ စတင်ပြုစုရေးဆွဲခဲ့ကြောင်း၊ မတ်လ ပထမပတ်နှင့် ဒုတိယပတ်အတွင်း MOBD ၊ NRGI နှင့်NCS မှ ထပ်မံ ပြင်ဆင်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ ကြောင်း၊ ထို့နောက် မတ်လဒုတိယပတ်တွင် နိုင်ငံတကာ EITI ရုံးသို့ Unofficial Translation ပေးပို့ခဲ့ ကြောင်း၊ ထို့နောက် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးပါဝင်၍ ဖိတ်ကြားဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့တွင် NCS မှထပ်မံ ပြင်ဆင်ပေးပို့ခဲ့ကြောင်း၊ ဆက်လက်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် BO Task Force အစည်းအဝေး၌လည်း နောက်ဆုံးဆွေးနွေးအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုဆွေးနွေးထားသည့် နိုင်ငံတော်သမ္မတရုံးအမိန့်စာ မူကြမ်း နောက်ဆုံး Version အား ဝေငှထားပြီးဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၂။ ဆက်လက်၍ BO Template ကို ဖြည့်သွင်းလွယ်သည့်ပုံစံဖြစ်သည်အထိ Focal Agency နှင့်တိုင်ပင် ပြင်ဆင်ရေးဆွဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ လာမည့်အပတ်တွင် DICA နှင့် တွေ့ဆုံရန်စီစဉ်ထားပါကြောင်း၊ DICA ဝန်ကြီးနှင့် တွေ့ဆုံမိတ်ဆက်ရန်လည်း မျှော်လင့်ထားပါကြောင်း၊ ထို့အပြင် Natural Resource Governance Institute (NRGI) မှ Matthieu Salomon ၊ Senior Governance Officer အား ဖိတ်ခေါ်၍ သင်တန်းပေးရန်ဖြစ်ကြောင်း၊ ထို့အတွက် MEITI Work Plan ပါ ဘတ်ဂျက်လိုင်း 3.2.1- Capacity Development တွင် ဘတ်ဂျက်လျာထားမှုရှိကြောင်း၊ နောက်တစ်ချက်အနေဖြင့် International EITI ရုံးမှ လိုအပ်သောအကူအညီများ ဆက်သွယ်ရယူရန်ဖြစ်ကြောင်း၊ Guidelines

များရေးဆွဲခြင်းကိစ္စရပ်များ၌ နည်းပညာအကူအညီနှင့်ဘဏ္ဍာရေးအကူအညီများရနိုင်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၃။ ထို့နောက် ကိုယ်စားလှယ်များက **BO Presidential Decree မူကြမ်းပါ အပိုဒ် (၁) နှင့် အပိုဒ် (၁၂) တွင် ဖွဲ့စည်းတည်ထောင်မှုအမျိုးအစား များနှင့်ပတ်သက်၍ DICA မှ သတ်မှတ်ထားသည့် အမျိုးအစားများအတိုင်းထည့်သွင်းဖော်ပြရန်၊ အပိုဒ် (၃) တွင် "ဓါတ်သတ္တု ("ကျောက်စိမ်း၊ ကျောက်မျက်၊ တူးဖော်ထုတ်လုပ်ရောင်းချခြင်း" ) ၊ ပုလဲ၊ သစ်တော" ဖြည့်စွက်ထည့်သွင်းရန်၊ အပိုဒ် (၅)၊ (၆) နှင့် (၁၁) တို့သည် ဆိုလိုရင်းတူသဖြင့်ပေါင်းရန်၊ စကားလုံးအသုံးအနှုန်းများအား BO လုပ်ငန်းစဉ်နှင့် ထင်ဟပ် ကိုက်ညီအောင် ပြောင်းလဲရန်၊ အပိုဒ် (၁၀) တွင် "တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ" ဆိုသည့်စာသားအားဖြုတ်ရန်၊ အမိန့်ကြော်ငြာစာအား အရေးအသား ကျစ်လစ်စေရန်နှင့် အမိန့် ကြော်ငြာစာနှင့် အသွင်တူသော အသုံးအနှုန်းများအတိုင်း ပြင်ဆင်ရေးသားရန်၊ "ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်" ဟုသော စကားရပ်အား ထည့်သွင်းရန်၊ အမိန့်ကြော်ငြာစာအား ယင်းအချက်များနှင့် ကိုက်ညီအောင်ပြင်ဆင်၍ ရှေ့နေချုပ်ရုံးနှင့် မဆွေးနွေးမီ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ဖြန့်ဝေရန်** စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

## ၆။ (၂၀) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအား တင်ပြခြင်း

၁။ နည်းပညာကျွမ်းကျင်သူက ဆုံးဖြတ်ချက်များအကောင်အထည်ဖော်မှုအား မတင်ပြမီ MSG ကိုယ်စားလှယ်အသစ်များဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်မူမူစော ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်လှလှကြိုင်၊ လုပ်ငန်းရှင်ကိုယ်စားလှယ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဗဟိုအလုပ်မှုဆောင် ဦးသက်ဝင်းထွန်းတို့အား MSG ကိုယ်စားလှယ်များနှင့်မိတ်ဆက်ခဲ့သည်။

၂။ စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင် EITI Secretariats က အကြံပြုထားသည့် အချက် (၅၀) တွင် technical gap ဖြစ်နေသည့် (၁၆) ချက်ရှိနေကြောင်း၊ အဆိုပါအချက်များနှင့် ပတ်သက်ပြီး အစီအရင်ခံစာတွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့နောက် secretariats ရုံးက MOGE နှင့် သက်ဆိုင်သည့် Purchase of Production နှင့် ပတ်သက်ပြီးလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် license coordinate နှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာနမှ သတ္တုကဏ္ဍနှင့်

ပတ်သက်ပြီး အချက်အလက်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့နောက် Actual Disclosure Practice နဲ့ပတ်သက်ပြီး တချို့ဌာနများမှ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့ မတိုင်မီ ချုပ်ဆိုမည့် စာချုပ်သစ်များတွင် ထည့်သွင်းရန် စီစဉ်ထားကြောင်းဆိုသည်ကို ဖြေကြားထားပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး IA က အစီအရင်ခံစာတွင် ဆွေးနွေးချက်များကို ထင်အပ်သည့်မှတ်ချက်များကို ရေးသားရန် ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် Social Expenditure ဖြစ်ပါကြောင်း၊ အဆိုပါ Social Expenditure နှင့်ပတ်သက်ပြီး EITI secretariat နှင့် ဆွေးနွေးထားပါကြောင်း၊ ၎င်းတို့မှ မှတ်ချက်ပြန်လာရန် ရှိကြောင်း၊ နိုင်ငံတကာ၏ ဥပမာများကို ပံ့ပိုးပေးမည်ဟု ပြောပါကြောင်း တင်ပြခဲ့သည်။

၃။ ဆုံးဖြတ်ချက် အမှတ်စဉ် (၆) တွင် SOEs များ၏ OA account နှင့်ပတ်သက်ပြီး MOGE မှ account နှင့်ပတ်သက်ပြီး ရှင်းလင်းချက်ပေးပို့ပြီး ဖြစ်ပါကြောင်း၊ နောက်တစ်ချက်ကတော့ စာလုံးအသုံးအနှုန်း အသုံးအနှုန်းကို ပယ်ဖျက်ပေးရန်အချက်အား ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် MATA မှပေးပို့သည့် comments များကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်ပြီး Grant နှင့် ပတ်သက်ပြီး ဒုတိယဝန်ကြီးကိုယ်တိုင် World Bank သို့ ရေးပို့ပြီးဖြစ်ပါကြောင်း၊ World Bank ကလည်း အကြောင်းပြန်သည်မှာ ၎င်း၏ development partners များနှင့်တိုင်ပင်ပြီးမှ အကြောင်းပြန်ပါမည်ဟု email ပြန်လာပါကြောင်း၊ MOBD ကလည်း NCS သို့ ထပ်ပြီး မေးထားသည်ဟု သိရှိရပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် စတုတ္ထအကြိမ်မြောက် အစီအရင်ခံစာအား တာဝန်ယူလက်မှတ်ထိုးရန် ကိစ္စဖြစ်ကြောင်း၊ သက်ဆိုင်ရာ constitution ရှိကနေပြီးတော့ ပုဂ္ဂိုလ်များကို တာဝန်ပေးထားခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် ပဉ္စမအကြိမ်မြောက်အစီရင်ခံစာအတွက် IA ခေါ်သည့်အခါတွင် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် ပတ်သက်ပြီးညှိနှိုင်းရမည့် ကိစ္စဖြစ်ကြောင်း၊ စာရင်းစစ်ချုပ်ကို ရေးထားသည့် စာကြမ်းအား တင်ပြပြီးဖြစ်ပါကြောင်း၊ ထို့နောက် Fifth Report TOR နှင့် ပတ်သက်ပြီးတော့ တင်ပြပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စအား MSG မှ ဆုံးဖြတ်ပြီးဖြစ်ပါကြောင်း၊ ထို့နောက် သစ်တောကဏ္ဍအား ပဉ္စမအကြိမ်မြောက် အစီရင်ခံစာ၌ ပါဝင်ထည့်သွင်းရန် ဆုံးဖြတ်ထား ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်ပြီးလည်း REOI ခေါ်ထားပြီးဖြစ်ပါကြောင်း၊ ဘတ်ဂျက်အားဖြင့် လည်း Main Report အတွက်သာမက သစ်တောကဏ္ဍအတွက်ပါ ဘတ်ဂျက်လျာထားမှုရှိကြောင်း၊ နောက်တစ်ချက်အနေဖြင့် Global EITI Conference ကိုသွားရန် အမည်စာရင်းများ သတ်မှတ် ထားကြောင်း၊ မြန်မာနိုင်ငံ EITI

Budget ဖြင့်သွားကြမည်ဖြစ်ပြီး အဆိုပါကိစ္စအတွက် registration တွေလုပ်ပြီးဖြစ်ပါကြောင်း၊ အသေးစိတ်ကိုလည်း ထပ်မံတင်ပြရန်ရှိပါကြောင်းတင်ပြခဲ့သည်။

၄။ (၂၀) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

| စဉ် | ဆွေးနွေးချက်/ ဆုံးဖြတ်ချက်များ | အကောင်အထည်ဖော်ပြီးစီးမှု |
|---|---|---|
| ၁ | နိုင်ငံတကာ EITI အတွင်းရေးမှူးအဖွဲ့မှ ယခင်ပေးပို့ထားသော အချက် (၅၀) အနက် နည်းပညာကွာဟချက် (Technical Gap) အချက် (၁၆) ခု ရှိနေကြောင်း အကြောင်းကြားလာမှုနှင့် ပတ်သက်၍ -<br>• ယင်းအချက် (၁၆) ခုအနက် အချက်အလက်လိုအပ်နေသေးသည့် (၆) ခု မှလွဲ၍ အခြားအချက်များ အား IA မှ အစီရင်ခံစာတွင် ထည့်သွင်းပြင်ဆင်၍ ယနေ့ပြန်လည်ပေးပို့ရန်၊ | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၂ | International EITI Comments များမှ "Details of MOGE's purchase of OG production to supply domestic market needs" နှင့်ပတ်သက်၍ -<br>• MOGE မှပေးနိုင်ကြောင်း တင်ပြလာသဖြင့် ထိုအချက်အလက်များအား IA မှပေးပို့ထားသည့် Template တွင်ဖြည့်သွင်းပြီး ယနေ့ညနေ ပြန်လည်ပေးပို့ရန်၊<br>• Sale of State Share များကိုလည်း IA မှပေးပို့ထား ပြီးဖြစ်သော Template တွင် ဖြည့်သွင်းပြီး ပြန် လည် ပေးပို့ရန်၊ | ပြင်ဆင်ပြီးဖြစ်သည်။ |

| | | |
|---|---|---|
| ၃ | International EITI Comments များမှ "License Coordinates" နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် Mining မှအချက်အလက်များပေးပြီးဖြစ်ကြောင်း၊ လိုအပ်ပါက ပြန်လည်ပေးပို့နိုင်ကြောင်း တင်ပြခဲ့ပြီး Gems & Jade အတွက် စနစ်ကျသည့်မြေပုံအညွှန်းအတိုင်းဖြစ်လာရန် အကြံပေးငှားရမ်းကာ အကောင်အထည်ဖော်နေဆဲ ဖြစ်ကြောင်း တင်ပြခဲ့သည်။<br>• Mining အတွက်သက်ဆိုင်ရာဌာနမှ လိုအပ်သော အချက်အလက်များ ပြန်လည်ပေးပို့ရန်၊<br>• Gems & Jade အတွက် IA မှ လက်ရှိမြေပြင်အခြေအနေအားထင်ဟပ်သည့်မှတ်ချက် ထည့်သွင်း ရေးသားရန်၊ | ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ |
| ၄ | International EITI Comments များမှ "Actual Disclosure Practices" နှင့် ပတ်သက်၍ သတ္တုတွင်း ဦးစီး ဌာနအနေဖြင့် တရားဝင်စာထွက်ပေးရန်ဆွေးနွေးရာတွင် အစိုးရကိုယ်စားလှယ် တစ်ဦးမှ တရားဝင် စာထွက်ရန် အချိန်ရယူမည်ဖြစ်ကြောင်း၊ အဆိုပါ Contract Disclosure ကိစ္စအားလည်း ဝန်ကြီးဌာန အတွင်း အကောင် အထည်ဖော်မည့်အတိုင်းအတာ အား မကြာမီဆွေးနွေးကြမည် ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့ မတိုင်မီ ချုပ်ဆိုမည့်စာချုပ်သစ်များတွင်ထည့်သွင်းရန် စီစဉ်ထားကြောင်း တင်ပြဆွေးနွေးခဲ့သည်။<br>• IA မှ အစီရင်ခံစာတွင် ယင်းဆွေးနွေးတင်ပြမှုအပေါ် ထင်ဟပ်သည့် မှတ်ချက်ထည့်သွင်းရေးသားရန်၊ | ပြင်ဆင်ပြီးဖြစ်သည်။ |
| ၅ | International EITI Comments များမှ "Mandatory Social Expenditure" နှင့်ပတ်သက်၍ ဆွေးနွေးရာ တွင် သတ္တုကဏ္ဍနှင့်စပ်လျဉ်း၍ နည်းဥပဒေအသစ်တွင် ပါဝင်ထားပြီးဖြစ်ကြောင်း၊ အသစ်ချုပ်ဆိုမည့် စာချုပ်များ | ပြင်ဆင်ပြီးဖြစ်သည်။ |

| | | |
|---|---|---|
| | တွင်လည်း ထည့်သွင်းချုပ်ဆိုမည်ဖြစ်ကြောင်း၊ နည်းဥပဒေတွင်ပါဝင်ထားပြီးဖြစ်သဖြင့် Mondatory ဟု ပြောဆို၍ရကြောင်း သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်မှ ဆွေးနွေးခဲ့သည်။ | |
| ၆ | IA မှတင်ပြသည့် အကြံပြုတိုက်တွန်းချက်များအနက် အမှတ် (၁၁) အား ဆွေးနွေးရာတွင် သက်ဆိုင်ရာ အစိုးရ ကိုယ်စားလှယ်မှ SOE များ၏ OA အကောင့် (၅) ခုအနက် နိုင်ငံတော်အရ အသုံးစာရင်းတွင်ပါသည့် OA စာရင်း ကိုသာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှစစ်ဆေးပြီး ကျန်အကောင့်များ အား စစ်ဆေးပေးရန်တောင်းဆိုပိုင်ခွင့် ရှိသူက တရားဝင်စာဖြင့် တောင်းဆိုမှသာ တာဝန်ယူစစ်ဆေးနိုင်ကြောင်း၊ License allocation နှင့် ဆက်စပ်သည့် Process အသေးစိတ်အား မစစ်နိုင်ကြောင်း၊ ရငွေစစ်သည့် အချိန်တွင် လိုင်စင်အသစ် ပေးသည့် အချိန်၌ တစ်ပါတည်းစစ်ဆေးပြီး ရွေးချယ်စစ်ဆေးမှုသာပြုလုပ်နိုင်ကြောင်း၊ လုပ်ငန်းစဉ်အားလုံးကို မစစ်ဆေးနိုင်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ | MOGE မှ account နှင့်ပတ်သက်ပြီး ရှင်းလင်းချက်ပေးပို့ပြီးဖြစ်သည်။ |
| ၇ | အကြံပြုတိုက်တွန်းချက် အမှတ် (၁၁) နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ "All the revenue and expenditure of the SOEs are required to be included in the budget process of the Union Budget" အား SOE များ၏ ရငွေ၊ သုံးငွေများသည် ဘတ်ဂျတ်လုပ်ငန်းစဉ်တွင် ပါဝင်ပြီးဖြစ်၍ အဆိုပါအချက်အား ဖြုတ်ပေးရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တင်ပြဆွေးနွေးခဲ့ သည်။ | ပြင်ဆင်ပြီးဖြစ်သည်။ |
| ၈ | စတုတ္ထအကြိမ်မြောက်အစီရင်ခံစာအတွက် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သည့်အချက်များအား MATA မှ ယနေ့ ပေးပို့မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။<br>• ထိုပေးပို့မှုအတိုင်း IA မှ မတ်လ (၃၁) ရက်နေ့တွင် ထွက်ရှိမည့်အစီရင်ခံစာတွင် ပြင်ဆင်ဖြည့်စွက်ရန် | ပြင်ဆင်ပြီးဖြစ်သည်။ |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | |
|---|---|---|
| | | |
| ၉ | ယခင်ပေးပို့ခဲ့သောအစီရင်ခံစာ (မူကြမ်း) တွင်ပါဝင်သည့် စံနှုန်း ၄.၅ အတွက် MOGE နှင့်စပ်လျဉ်းသော အကြံပြုတိုက်တွန်းချက်အား IA မှပြန်လည်ထည့်သွင်းရန်၊ | |
| ၁၀ | ယနေ့ဆွေးနွေးတင်ပြခဲ့သည့် MEITI Work Plan and Budget အား သဘောတူသည်။<br>• Extension တောင်းခံရန်ကိစ္စရပ်များအတွက် လိုအပ်သလိုဆက်လက်ဆောင်ရွက်ရန်၊<br>• ထိုကိစ္စရပ်အတွက် ဥက္ကဋ္ဌမှ စာရေးသားရန်၊<br>• သစ်တောကဏ္ဍကုန်ကျစရိတ်အား ယနေ့ဆုံးဖြတ်ချက်အမှတ်စဉ် (၁၄) နှင့်အညီ ပြည်လည်ပြင်ဆင် ရန်၊ | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၁၁ | IA မှ မတ်လ (၂၈) ရက်နေ့တွင် ပေးပို့လာမည့် အစီရင်ခံစာအား အောက်ပါသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးရန် -<br>**အစိုးရကဏ္ဍ**<br>• ဦးကျော်သက်<br>• ဦးမင်းသူ<br>• ဦးသန်းငွေအောင်<br><br>**ပုဂ္ဂလိကကဏ္ဍ**<br>• ဦးခင်မောင်ဟန်<br>• ဦးဇော်ဘိုခန့်<br>• ဦးဝင်းတင်<br>• ဒေါက်တာစိန်ဝင်း | ဆောင်ရွက်ပြီးဖြစ်သည်။ |

| | | |
|---|---|---|
| | **အရပ်ဘက်ကဏ္ဍ**<br>• ဒေါ်မိုးမိုးထွန်း | |
| ၁၂ | ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာအတွက် IA ခေါ်ဆိုနိုင်ရေးကိစ္စတွင် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လိုအပ်သည့်စံချိန်စံနှုန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက မြန်မာနိုင်ငံ စာရင်းကောင်စီအား တာဝန်ယူညှိနှိုင်းရန်၊ | စာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်းရန် စာကြမ်းပြင်ဆင်ပြီးဖြစ်သည်။ |
| ၁၃ | ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာထုတ်ပြန်မည့်ကာလအပိုင်းအခြားအတွက် (၁၂) လ (သို့) (၁၈) လ သတ်မှတ်ထုတ်ပြန်ရန်နှင့်ပတ်သက်၍ -<br>• နိုင်ငံတကာ **EITI** အတွင်းရေးမှူးအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးရန်၊<br>• (၁၂) လစာထုတ်ပြန်ရန်ဟု လောလောဆယ်လျာထားရန်၊ | ယနေ့ဆွေးနွေးရန်ဖြစ်သည်။ |
| ၁၄ | နောင်ထွက်ရှိမည့် မြန်မာနိုင်ငံ EITI အစီရင်ခံစာများတွင် သစ်တောကဏ္ဍအား ထည့်သွင်းရန်နှင့် ပတ်သက်၍ -<br>• ပဥ္စမအကြိမ် မြန်မာနိုငအစီရင်ခံစာတွင် သစ်တောကဏ္ဍအား ထည့်သွင်းရန်<br>• သစ်တောအစီရင်ခံစာအား (၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်များ) အတွက် ထည့်သွင်းရန်၊<br>• IA ငှားရမ်းသည့်အခါ IA နှင့်ညှိနှိုင်းရန်၊ | REOI ခေါ်ထားပြီးဖြစ်သည်။ ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည် ။ |
| ၁၅ | ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ကျင်းပမည့် Global EITI Conference သို့ တက်ရောက်ရန်ကိစ္စနှင့်ပတ်သက်၍ -<br>မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ဒေါ်ဇင်မာမြိုင် (Technical Advisor) ပါဝင်တက်ရောက်ရန်၊ | ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။ |

| | | |
|---|---|---|
| | သတ္တုကဏ္ဍကိုယ်စားပြုအနေဖြင့် ပုဂ္ဂလိကကိုယ်စားလှယ် ဦးခင်မောင်ဟန် ပါဝင်တက်ရောက်ရန်၊<br>အမည်စာရင်းပေးထားပြီးပျက်ကွက်ပါက ကုန်ကျငွေအား ကာယကံရှင်မှ ပြန်လည်ပေးသွင်းရန်၊ | |
| ၁၆ | • (၂၂) ကြိမ်မြောက် MSG အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပရန်<br>• နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပရန်<br>• Work Plan and Governance Sub-committee အစည်းအဝေးကျင်းပရန်<br>• Mining Cadaster evaluation committee အစည်းအဝေးအား အား ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပရန်<br>• Communication and Outreach လုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပရန်<br>• BO Task Force အစည်းအဝေးအား ဧပြီလတွင် ကျင်းပရန် | (၂၂) ကြိမ်မြောက် MSG အစည်းအဝေးအား ယနေ့ကျင်းပသည်။<br><br>နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဧပြီလ(၂၉) ရက်နေ့တွင် Supplementary Report အတွက် ဆွေးနွေးရန် ကျင်းပခဲ့သည်။<br><br>Mining Cadaster evaluation committee အစည်းအဝေးအား အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် ကျင်းပခဲ့သည်။<br><br>BO Task Force အစည်းအဝေးအား ဧပြီလ (၂၆) ရက်နေ့တွင် ကျင်းပခဲ့သည်။ |

၅။ မိမိတို့အနေဖြင့် အဆိုပြုလိုသည်မှာ 2019 International EITI Conference မသွားမီ Subcommittee တစ်ခု ကျင်းပလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် Conference အသေးစိတ်ပြင်ဆင်ရန် Poster များ၊ Infographic များစသဖြင့် Booth တွင် ပြသမည့်ကိစ္စများလည်းရှိပါကြောင်း၊

ထို့ကြောင့် လုပ်ငန်းခွဲ ကော်မတီအစည်းအဝေးတစ်ခုကျင်းပ၍ ဆောင်ရွက်ရန်လည်း နည်းပညာကျွမ်းကျင်သူက အဆိုပြုခဲ့ သည်။

## ၇။ Systematic Disclosure နှင့်ပတ်သက်၍ မိတ်ဆက်တင်ပြခြင်း

၁။ NCS ၏ နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ ၂၀၁၉ EITI စံနှုန်းတွင် အချက်တစ်ချက် ပါဝင်ကြောင်း၊ နောက်တခါ မြန်မာနိုင်ငံမှာ ဒီလိုအချက်အလက်တွေနှင့်ပတ်သက်ပြီး ၂၀၁၈ခု ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် EITI Board အစည်းအဝေးမှ ဆုံးဖြတ်ထားပြီး အကောင်အထည်ဖော်ရန် စတင်အားပေးခဲ့ ကြောင်း၊ ထို့နောက် ယခုနှစ် ဖေဖော်ဝါရီလကတွင် ကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် EITI Board အစည်အဝေး၌ မူအရအဘောတူထားခဲ့ကြောင်း၊ 2016 EITI Standard မှာပါသည့် စံသတ်မှတ်ချက်အရ ဆောင်ရွက်သည့် နိုင်ငံများ၏ အစိုးရ၏ အခြေခံအုတ်မြစ်အနေဖြင့် ပုံမှန်လုပ်ငန်းများကို Corporate အဖွဲ့အစည်းများ၏ သတင်းပို့သည့် စနစ်များတွင် ဆောင်ရွက်ရန် အားပေးထားကြောင်း၊ သက်ဆိုင်ရာ Website များလည်းရှိပြီး Annual Reporting များလည်း ပြုလုပ်ရန်ပါဝင်ကြောင်း၊ သဘောတူထားသည်မှာ Systematic Disclosure သည် default expectation ပုံစံဖြစ်ကြောင်း၊ မိမိတို့ ကွန်ပျူတာများတွင် အသုံးပြုသည့် default စနစ်ကဲ့သို့ ပုံမှန်အရ ပေါ်နေရမည့် ပုံစံမျိုးဖြစ်ကြောင်း၊ ထို့အပြင် Report များတွင်လည်း အားနည်းချက်၊အားသာချက်များ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

၂။ နောက်တစ်ချက်အနေဖြင့် Analyzing ပြုလုပ်ရန် ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ဒေတာများကို ဖော်ပြနေယုံသတ်သတ် မဟုတ်ဘဲ ဆန်းစစ်မှုများ ရှိရမည်ဆိုသည်ကို ပြောကြားထားခြင်း ဖြစ်ကြောင်း၊ Online မရှိသည့် သူများကိုလည်း ဒါတွေနဲ့ပတ်သက်ပြီးတော့ သိရှိနိုင်ရန် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ Systematic Disclosure တွင် သုံးမျိုးအမိပ္ပာယ်ခေါ်ဆိုပြီး Systematic Disclosure Integrated Reporting ၊ Mainstreaming စသဖြင့် ခေါ်ဆိုကြောင်း၊ EITI ရဲ့ Guide များတွင် Mainstreaming ဟု သုံးထားခြင်းရှိသကဲ့သို့ တခါတလေ Systematic Disclosure ဟုလည်း သုံးထားကြောင်း၊ ထို့ကြောင့် Publicly Available ဖြစ်ရမည်ဖြစ်ပြီး Company များနှင့် အစိုးရဌာနများက Reporting ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ၏ အများပြည်သူသိရှိစေနိုင်မည့် Reporting ဖြစ်ရမည်ဖြစ်ပြီး Public Financial Reporting တွေ Company နဲ့ အစိုးရများ၏ နှစ်ပတ်လည်အစီရင်ခံစာများ၊ သတင်းအချက်အလက်များ Information Portal များ၊ Open Data များ၊ Information Initiated များ ပြုလုပ်ဖော်ပြရမည်ဖြစ်ကြောင်း၊ အချက်အလက်များအား ဖော်ပြရာတွင်

ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ရမည်ဖြစ်ပြီး Reliable ဖြစ်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စဆောင်ရွက်ရန် ကာလတစ်ခုလိုအပ်ကြောင်း၊ Pilot စီမံကိန်းများ၊ Capacity Building များ၊ Stakeholder Dialogue များ လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်မီ Feasibility Study လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Reporting လုပ်သည့်အချက်အလက်များကို Indicated Law များဖြင့် ပေါင်းစပ်ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များသည် Standard တွင်ပါသည့် အချက်များ ဖြစ်ကြောင်း၊ အားလုံးလည်း MSG ကိုယ်စားလှယ် တွေအကုန်သိရှိပြီးသား လည်းဖြစ်ပါကြောင်း၊

၃။ စံနှုန်းတွင် ထုတ်လုပ်မှု ၊ တင်ပို့မှု ၊ စူးစမ်းရှာဖွေမှုများ၊ အခွန်များနှင့်ပတ်သက်ပြီး Standard တွင်ပါသည့် အချက်အလက်များ၊ Revenue ဒေတာများ၊ Social Economic Value များ၊ Open Data in EITI Administration များဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Myanmar Digital Economy Roadmap လည်း ရှိနေပြီဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဒုသမ္မတ- ၂ ဦးဆောင်ပြီး သက်ဆိုင်ရာ ဝန်ကြီးများနှင့် ဖွဲ့စည်းထားမှုများရှိကြောင်း၊ နောက်တစ်ချက်အနေဖြင့် E-Government Leading Committee ဖွဲ့စည်းထားပြီး မိမိတို့၏ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် Working Committee များ ဖွဲ့စည်းထားပါကြောင်း၊ နောက်တစ်ခုက E-Government Integrated Data Center ဆောင်ရွက်နေပြီး Systematic Disclosure အတွက် မြန်မာနိုင်ငံ၏ အခြေအနေသည် အဆိုပါ Mechanism များ ရှိပြီးသဖြင့် ချိတ်ဆက်၍ ဆောင်ရွက်သင့်ကြောင်း၊

၄။ မိမိတို့အနေဖြင့် EITI Extractive Industry အရလုပ်နေသော်လည်း မြန်မာနိုင်ငံအနေဖြင့် အဆိုပါလုပ်ငန်းစဉ်ရှိထားသဖြင့် ဘယ်လို ချိတ်ဆက်သွားရမလဲ ဆိုသည်ကို စဉ်းစားရန် လိုအပ်ကြောင်း၊ ဥပဒေနှင့်စပ်လျဉ်း၍ ၂၀၁၈ခုမှာ စာရင်းဥပဒေရှိပါကြောင်း၊ အမျိုးသားစာရင်းစစ် စာရင်းအင်းစနစ်စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့်အချက်အလက်များ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ အခြားစာရင်းဆိုင်ရာ ပြုစုထားရှိမှု မူလစာရင်းအချက်အလက်များကို ရည်ညွှန်းကိုးကား၍ အစိုးရဌာနအဖွဲ့အစည်း ပဂ္ဂလိကဏ္ဍပူးပေါင်းဆောင်ရွက်ကြသောစနစ်ဖြစ်ကြောင်း၊ ဒါဥပဒေအရ ပြဋ္ဌာန်းဖြစ်ပါကြောင်း၊ အဲ့တော့သူ့ရည်ရွယ်ချက် ဒါတော့အရည်အသွေးပြည့်မီသည့် စာရင်းဖြစ်ရမည်ဖြစ်ကြောင်း၊ စာရင်းစနစ် ဖွံ့ဖြိုးပြီး တိကျမှန်ကန်ရမည်ဖြစ်ပြီး ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်တစ်ခါ အရည်အသွေး ပြည့်ဝသည့် တိကျမှန်ကန်သော စာရင်းများကို ရရှိအသုံးပြုခြင်းအားဖြင့် အစိုးရပြည်သူနိုင်ငံတကာအတိုင်းအဝိုင်းကြား ယုံကြည်မှုတိုးမြင့်ရမည်ဟု ရည်ရွယ်ချက်ပါရှိထားကြောင်း၊

၅။ နောက်အချက်သည် မိမိတို့နှင့်ဆက်စပ်သည့် Electronic ဆက်သွယ်ရေးဥပဒေဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်က ထုတ်ပြန်ထားပါကြောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည်တွင်းပြည်ပ ဆက်စပ်မှု လုပ်ငန်းဆက်စပ်မှု စီစဉ်မှုသဘောတူညီမှုများအပါအဝင်စီးပွားရေးနှင့်သက်ဆိုင်သောကိစ္စတွင် ဖြစ်စေ စီးပွားရေးနှင့် သက်ဆိုင်ခြင်း မရှိသောကိစ္စတွင်ဖြစ်စေ အသုံးပြုသော electronic မှတ်တမ်း electronic အချက်အလက်ထဲမှ အမျိုးအစားတမျိုးမျိုးနှင့်သက်ဆိုင်စေရမည်ဟု ပါဝင်ထားကြောင်း၊ ထို့ကြောင့် ကွန်ပျူတာကွန်ယက်ကို အသုံးပြုပြီး ဒေသဆိုင်ရာအဖွဲ့အစည်းပြည်တွင်းပြည်ပအစိုးရဌာန ပုဂ္ဂလိက အဖွဲ့အစည်းများလျင်မြန်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဆိုပါအချက်သည် ဥပဒေအရ လုပ်ငန်း အကောင်အထည်ဖော်ပါက ဒေတာများပူးပေါင်း၍ တင်ပြရမယ်ဆိုပါက ဥပဒေအရ ကျောထောက်နောက်ခံရှိသည်ဆိုသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၆။ မြန်မာနိုင်ငံမှာ လက်ရှိတွင် Myanmar Information Service ရှိကြောင်း၊ CSO (ဗဟိုစာရင်းအဖွဲ့) မှ Myanmar Statistical Information Service လည်း ထုတ်ပြန်မှုများလည်း ရှိနေပြီး အဆိုပါ website သည် MOPF ဝန်ကြီးဌာန၏ website တွင်ရှိပါကြောင်း၊ Myanmar National Portal ၊ MOHINGA တို့ရှိပြီး ပြည်ပ Aid Information Management System လည်းရှိကြောင်း၊ မြန်မာနိုင်ငံ ကိုကူညီထောက်ပံပေးတဲ့ အဖွဲ့အစည်းများနဲ့သက်ဆိုင်မှုအလွယ်တကူရှိကြောင်း၊ ထို့နောက် DICA က Myanmar Company Online (MYCO) လည်း ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အဆိုပါ ဦးဆောင်သည့် အဖွဲ့အစည်းများရှိပြီး ဥပဒေလည်း ရှိကြောင်း၊ လက်ရှိစနစ်လည်းရှိနေကြောင်း၊ Systematic Disclosure လုပ်ပါက မည်ကဲ့သို့ချိတ်ဆက်ရမည်ဆိုသည်ကို နည်းလမ်းရှာဖွေ ရမည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၇။ ထို့နောက် ဒီလို Systematic Disclosure လုပ်ရင် ကျွန်တော်တို့က feasibility Study လုပ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ လေ့လာမှုအတွက် Standard တွေလေ့လာရမည်ဖြစ်ပြီး MSG က workplan များ Work Plan ရေးဆွဲပြီး တွေ့နိုင်မည့်အခက်အခဲများသတ်မှတ်ခြင်း၊ နောက်တစ်ခုအနေဖြင့် stakeholder review ပြုလုပ်ခြင်း၊ ထို့နောက် EITI Disclosure အတွက် roadmap သတ်မှတ်ထားခြင်း၊ နောက်တခုကတော့ Consultation Dialog များပြုလုပ်ခြင်း၊ စသည်တို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၈။ Systematic Disclosure Feasibility Study ToR အား ဆွေးနွေးတင်ပြခြင်း

၁။ နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ ပထမဦးစွာ Information များလေ့လာခြင်း၊ Data များ review ပြုလုပ်ခြင်း၊ ဒေတာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ Update ပြုလုပ်ခြင်း( Information update on comprehensive data) ၊ ထို့နောက် "scope of work" disclosure outline ၌ appendix approve disclosure of the financial information EITI Standard အရ မိမိတို့ EITI Report တွင်ကောက်သည့် လုပ်ငန်းများ ပါဝင်ကြောင်း၊ "All to embed financial disclosure in Company of Government" အစိုးရဌာနဆိုင်ရာလုပ်ငန်းများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းများအား financial disclosure မည်ကဲ့သို့ ဆောင်ရွက်မည်၊ ထို့နောက်ထုတ်ထားပြီးသည့် Report များကို လေ့လာခြင်း၊ "acquire auditing practice on Government" စာရင်းစစ်ပြုလုပ်ခြင်း၊ "assurance procedure are insufficient reporting" အခုပြုလုပ်နေသည့် လုပ်ငန်းသည် အမှန်တကယ် စာရင်းစစ်မှုတွင် လုံလောက်မှု ရှိ ၊ မရှိ နှင့် အားနည်းချက်ရှိ၊ မရှိ လေ့လာခြင်းဖြစ်ပါကြောင်း၊ ထို့နောက် Scope of work တွင် မည်သူထုတ်ပြန်မည်ကို task review ပြုလုပ်ခြင်း၊ stakeholder consultation လုပ်ခြင်း၊ Draft Fiscal Study Report ထုတ်ခြင်း၊ နောက်ဆုံးအနေဖြင့် Fiscal Study ထွက်ခြင်း၊ ထို့နောက် မိမိတို့နိုင်ငံ အတွက် action plan နှင့် recommendation များ ထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် Kazakhstan ၌ Pilot study အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ပြုလုပ်ခဲ့ကြောင်း၊ Mongolia တွင် ၂၀၁၉ ခုနှစ်၊ မတ်လ တွင် ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံက ၂၀၁၉ EITI စံနှုန်းအား အတည်ပြုခဲ့ပါက ကြိုတင်ပြီးတော့လုပ်သည့် သဘောဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၂။ ဆက်လက်၍ Fiscal Study ပြုလုပ်မည်ဆိုပါက ချက်ချင်းပြုလုပ်၍ရမည် မဟုတ်ဘဲ ထို့အတွက် consultant ငှားရမည်ဖြစ်ကြောင်း၊ ထို့နောက် အကြမ်းတင်ပြခဲ့သည့် TOR ကို အသေးစိတ် ဆွေးနွေးရမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အသေးစိတ်ဆွေးနွေးလိုပါက နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးပြီးပါမှ နောက်တခါ မြန်မာနိုင်ငံ EITI Secretariat နှင့် မိမိတို့ချိတ်ဆက်ရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့နှင့် ချိတ်ဆက်ပြီးနောက် မြန်မာနိုင်ငံအတွက် မည်ကဲ့သို့ ဆောင်ရွက်မည်လဲ၊ မည်သည့်အချိန်တွင် ပြုလုပ်မည်လဲ၊ ဘတ်ဂျက်မည်မျှလျာထားမည်လဲ၊ စသည်တို့ကို ညှိနှိုင်းရမည်ဖြစ်ပါကြောင်း စသဖြင့် တင်ပြခဲ့သည်။ ထို့နောက် **Systematic Disclosure အပါအဝင် အခြားနည်းပညာ ဆိုင်ရာလုပ်ငန်းစဉ် အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ်များအား နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်း ခွဲကော်မတီတွင်ဆွေးနွေးရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၉။ Mining Cadaster ဆောင်ရွက်မှုအခြေအနေများအား တင်ပြခြင်း

၁။ နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ Mining Cadaster အား Mining Cadaster Pre-Cadaster အနေဖြင့် ဆောင်ရွက်နေပြီး Pre- Cadaster consultant လည်းခန့်ပြီးဖြစ်ပါကြောင်း၊ သို့သော် Mining Cadaster Phase 2 အတွက် consultancy ခန့်ရန် အတွက် evaluation committee ဖွဲ့ထားပါကြောင်း၊ ကော်မတီဝင် (၈) ဦးပါဝင်ကြောင်း၊ Government မှ (၄) ဦး၊ Private က (၂) ဦး ၊ ကျန်သည့် နှစ်ယောက်အား အရန်အဖွဲ့အဝင်အနေဖြင့် ထည့်သွင်း ထားကြောင်း၊ ထို့နောက် အရပ်ဘက် အရပ်ဖက်အဖွဲ့အစည်းက (၂) ဦးပါဝင်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ orientation ပြုလုပ်ပါထားပြီး Mining Cadaster Consulting Phase 2 သည် ငွေးရမ်းစရိတ်ငွေပမာဏများ ဒေါ်လာ ၇သိန်းလောက်ရှိသည့်အတွက် procurement စနစ်တွင် အဆင့်များ များပြားပါကြောင်း၊ ထို့ကြောင့် orientation ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် Request for Financial and Technical Proposals (RFP) ခေါ်လိုက်ကြောင်း၊ RFP ခေါ်လိုက်ရာ၌ ဧပြီလ ၈ရက်နေ့တွင် နောက်ဆုံးရက်အနေဖြင့် ပိတ်လိုက်ကြောင်း၊ ပထမအဆင့်တွင် ကုမ္ပဏီလေးခုမှ EOI တင်လာကြောင်း၊ နောက်တစ်ဆင့်ဖြစ်သည့် Financial and Technical Proposal တွင် သုံးခုမှလျှောက်ထားလာကြောင်း၊ ဧပြီလ ၈ ရက်နေ့ ပိတ်ခြင်းဖြစ်ပြီး ထို့ရက်သည် ကုမ္ပဏီပိတ်ရက် ဖြစ်ပါကြောင်း၊ CDE ၊ German နှင့် Spacial Dimension Canada တို့ဖြစ်ပါကြောင်း၊ အဆိုပါ Technical Proposal များကို evaluation committee အနေဖြင့် ၇ ဦး တက်ရောက်၍ ဆွေးနွေးခဲ့ကြောင်း တင်ပြခဲ့သည်။

၂။ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့၊ နေပြည်တော်ရှိ MGE ရုံးခန်းတွင် review ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ review ပြုလုပ်ပြီးနောက် evaluation report ရေးပြီးနောက် World Bank သို့ တင်ရမည်ဖြစ်ကြောင်း၊ တင်ပြီးသည့်နောက် အတည်ပြုသည့်အခါတွင် ရွေးချယ်လိုက်သည့်အဖွဲ့၏ Financial Proposal အားကြည့်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Financial Proposal လည်း review လုပ်ရမည်ဖြစ်ပြီး ဇွန်လကုန်တွင် စာချုပ်ချုပ်ပြီးမည့် သဘောရှိပါကြောင်း၊ မိမိအနေနဲ့တင်ပြချင်သည်မှာ ဇွန်လတွင် ကန်ထရိုက်ချုပ်ပြီးပါက ဇူလိုင်လ (၁၅) ရက်ဝန်းကျင်တွင် consultant သည် မြန်မာနိုင်ငံသို့ ရောက်လာမည်ဖြစ်ပါကြောင်း၊ GIS ပညာရှင်များ၊ Team Leader အပါအဝင် ဒေတာပညာရှင်များ ရောက်လာမည်ဖြစ်ကြောင်း၊ ရောက်လာသည့်အခါတွင် MOREC က ရုံးခန်းအနေနဲ့လိုအပ်ပါကြောင်း၊ လက်ရှိတွင် Pre- Cadaster working group အတွက် ရုံးခန်းပေးထားသည့်အတွက် အများကြီး ကျေးဇူးတင်ပါကြောင်း၊ ဤကိစ္စနှင့်ပတ်သက်ပြီး တကယ့် Cadaster consultancy မှ ဇူလိုင်လဆန်း ရောက်လာပါက ရုံးခန်းအနေနဲ့ စီစဉ်ဆောင်ရွက်ပေးရန် မိမိအနေဖြင့် တင်ပြလိုပါကြောင်း၊

ရုံးခန်းတင်မကဘဲ ကျန်သည့်ရုံး facilities များလည်း အားလုံးကို နိုင်ငံတော်ကနေပြီးတော့ ပံပိုးပေးနိုင်ရန် တင်ပြလိုပါကြောင်း ဆွေးနွေးခဲ့သည်။

## ၁၀။ သစ်တောကဏ္ဍအစီရင်ခံစာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း

၁။ NCS ၏ နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ သစ်တောကဏ္ဍအစီရင်ခံစာ အင်္ဂလိပ်ဘာသာအား ပြီးခဲ့သည့် (၁၈) ကြိမ်မြောက် MSG တွင် အတည်ပြုပြီးပါကြောင်း၊ ဒါနဲ့ပတ်သက်ပြီး Website တွင်လည်း တင်ထားကြောင်း၊ မြန်မာဘာသာပြန်ရာတွင် မြန်မာဘာသာပြန်က ဒုတိယအကြိမ် မြန်မာဘာသာပြန်ကို (second draft) ကို သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေထားပါကြောင်း၊ အစီရင်ခံစာများအား ဤသကြင်္န်မတိုင်ခင် ပို့ပါကြောင်း၊ သကြင်္န်ပြီးနောက် ဧပြီလ (၂၂) ရက်နေ့ကို last date ထားပါကြောင်း၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ကျန်သည့်စာရင်းစစ်ချုပ်ရုံးထံမှ သဘောထား မှတ်ချက်များ အကုန်ရပြီးဖြစ်ပါကြောင်း၊ ဘာသာပြန်သည့်အဖွဲ့ ဒေါ်ချိုချိုတိုးအဖွဲ့အား ပေးထားပါ ကြောင်း၊ နောက်မေလ (၉) ရက်နေ့တွင် Fourth Draft ဘာသာပြန်ရမည်ဟု သိထားပါ ကြောင်း စသဖြင့် တင်ပြခဲ့သည်။ ထို့နောက် သစ်တောကဏ္ဍ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဒုတိယနှင့်တတိယအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာ (မြန်မာ ဘာသာ) များအား တစ်အုပ်တည်းပေါင်း၍ ထုတ်ဝေရန်၊ အရေအတွက်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ (၂၀၀) စီ နှင့် မြန်မာဘာသာဖြင့် အုပ်ရေ (၂၀၀၀) အား ဘက်ဂျက်နှင့်ချိန်ညှိထုတ်ဝေရန်၊ အစီရင်ခံစာ ထုတ်ပြန်မည့်နေ့ရက်များအား Forest Trend နှင့် ပြန်လည် ညှိနှိုင်းရန် စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

## ၁၁။ EITI Global Conference နှင့်ပတ်သက်၍ အနှစ်ချုပ်တင်ပြခြင်း

၁။ NCS ၏ နည်းပညာအကြံပေးမှတင်ပြသည်မှာ EITI Global Conference ကသုံးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြင်သစ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ Conferenc theme သည် EITI "Open Data, Build Trust"လို့ သူတို့က theme ရွေးထားကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်ပြီးတော့ MSG မှာ တင်ပြချင်လိုသည်မှာ အခုလက်ရှိသွားမည့် အမည်စာရင်းနှင့် delicated lists ၊ သွားမည့် budget များကို အတည်ပြုပေးရန်ဖြစ်ကြောင်း၊ EITI Global Conference ကို ပြင်သစ်မှာ

ဇွန်လ ၁၈-၁၉ မှာ Conference Date ရှိပါကြောင်း၊ သို့သော် (၁၇) ရက်နေ့တွင် EITI Board အဖွဲ့အသစ်အား ၂၀၁၉ ကနေ ၂၀၂၁ အထိ Board အဖွဲ့အား ကိုရွေးချယ်ရန် ရှိပါကြောင်း၊ Chairman ကိုပြန်ပြီး အတည်ပြုရန်ရှိပါကြောင်း၊ ၁၇ ရက်နေ့တွင် National Coordinators များ အစည်းအဝေးရှိကြောင်း၊ အဆိုပါ Conference ၌ မိမိတို့အနေဖြင့် အကျင့်ပျက်ချစားမှုကို မည်ကဲ့သို့ တိုက်ဖျက်နိုင်လဲ၊ ရင်းနှီးမြှပ်နှံမှု မည်ကဲ့သို့ တိုးတက်လာစေနိုင်သနည်း၊ အရပ်ဘက် အဖွဲ့အစည်းများ၏ ပြောရေးဆိုခွင့်၊ ၎င်းတို့၏ အလုပ်လုပ်ခွင့်၊ အဆိုပါအချက်များနှင့် ပတ်သက်ပြီးဆွေးနွေးရန် သွားရမည်ဖြစ်ကြောင်း၊ Government Fical ကို မည်ကဲ့သို့ strengthening ပြုလုပ်မည်နည်း၊ မည်သည်ကနေလုပ်နေသနည်း၊ EITI လုပ်ငန်းစဉ်နှင့် Data တွေဖြန့်ဝေခြင်းနှင့် အဆိုပါလုပ်ငန်းစဉ်ကို သွားသည့် Theme တွေကိုရွေးချယ်ထားကြောင်း၊ (၁၇) ရက်နေ့၌ National Coordinators နှင့် National Coordinators Secretariats တို့မှ တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပေါင်း ၁၀၀ကျော်မှ အဖွဲ့ဝင်နိုင်ငံများအပြင် Development Countries များမှ Development Partners များ၊ နိုင်ငံပေါင်း၁၀၀ကျော်မှ တက်ရောက်သူ ၁၀၀၀ ကျော်တက်မည်ဟု မျှော်မှန်းထားကြောင်း၊ နိုင်ငံတိုင်း၏ head of state တွေပါမည်ဖြစ်ပြီး မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Leading Committee မှ ဝန်ကြီးသုံးပါးအား ဖိတ်ထားပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် မတက် ရောက်နိုင်သည့်အတွက် သဘာဝသယံဇာတဝန်ကြီးအား ကိုယ်စားတက်ရောက်ဖို့အတွက် မှတ်ချက် ပြုထားပါကြောင်း၊ မိမိတို့ EITI ၏ အခန်းကဏ္ဍနှင့် EITI ၏ အုပ်ချုပ်မှု သယံဇာတ ကဏ္ဍအပေါ်မှာ မည်ကဲ့သို့သက်ရောက်မှုပြီး ရရှိသည့် သယံဇာတတွေကို ပြည်တွင်းမှာ ဘယ်လိုအသုံးပြုနိုင်မလဲ ဆိုသည်ကို တွန်းအားပေးသည် ကိုလည်း တင်ပြရမည်ဖြစ်ကြောင်း၊ နိုင်ငံအချင်းချင်းတိုးတက်မှုတွေကို တင်ပြသည့် အကြီးဆုံး Conference ဖြစ်ကြောင်း၊ မနက်ပိုင်းက Opening Section ဖြစ်ပြီး နောက်ပိုင်း အချို့ Section များကို တာဝန်ခွဲတက်ကြမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၂။ ဆက်လက်၍ အကြိုညှိနှိုင်းအစည်းအဝေးသို့ MGE မှ ဦးမင်းသူ မတက်ရောက် ဖြစ်ခဲ့ကြောင်း၊ NCS ရုံးတွင်ပြုလုပ်သည့် အစည်းအဝေးတွင် တာဝန်ခွဲဝေပြီးပြီ ဖြစ်ကြောင်း၊ ခွဲပြီးတက်ရောက်သည့် သူတွေက Information ကိုပြန်လည်မျှဝေဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြောင်း၊ ဆက်လက်တင်ပြချင်တာက National Expo ကို Innovation Exchange အဖြစ်ပြောင်းလဲသွားပါကြောင်း၊ Implementing Country တွေကိုစုပြီး မိမိဘယ်လောက် progress ပြီးပြီလဲတင်ပြရပြီး ကိုယ့်နိုင်ငံကပြောပြလိုသည်များကို အဆိုပါ booth တွင် ရေးပေးထားရမည်ဖြစ်ကြောင်း၊ ထို့နောက် PowerPoint presentation များ video များ တင်ပြပြီး ဆွေးနွေးမယ့် ကိစ္စအား စိတ်ဝင်စားမှု ရှိ၊ မရှိအကြောင်းကြားထားပါကြောင်း၊ Global Conference သွားပါက ပြင်ဆင်စရာများရှိကြောင်း၊ communication material များ၊ CD များ

မည်ကဲ့သို့ဖြန့်ဝေမည်နည်းနှင့် ကုန်ကျစရိတ်များဆွေးနွေးရန်လိုအပ်ကြောင်း၊ country board တွင် မည်သည့်ပုံစံထားမည်၊ Information များ၊ Newsletters များ၊ မည်ကဲ့သို့ ယူသွားမည်ကို ဆုံးဖြတ်ချက်ချစေချင်ကြောင်း၊ နောက်တက်ရောက်မည့်သူများ၏ budget ကိုဆွေးနွေးသည်ကို MSG ကအတည်ပြုဖို့လိုအပ်ပါကြောင်း၊ Conference သို့ MSG ကိုယ်စားလှယ်ထဲက ကဏ္ဍအလိုက် တစ်ဦးစီနှင့် စုစုပေါင်းသုံးယောက်အတွက် Sponsor Delegate အနေဖြင့် ဖိတ်ထားပါကြောင်း၊ ထို့ကြောင့် နောက်တခါ National Coordination Secretariat က National Coordinator ပါဝင်ကြောင်း၊ ကျန်တက်ရောက်မည့်သူများက MEITI workplan ထဲက Conference တက်မည့် budget ထဲကသုံးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားရောက်မည့်သူများ၏ စရိတ်သည် အကြမ်းပြင်းအားဖြင့် လေယာဉ်လက်မှတ်၊ Hotel အပါအဝင် ဒေါ်လာ ၁၈၀၀၀ ခန့်ရှိကြောင်း၊ conference မသွားမီ Reflection Progress Workshop ကျင်းပဆွေးနွေးမည် ဖြစ်သည့်အတွက် APR လည်းလုပ်နေတာဖြစ်သည့်အတွက် လက်ရှိလည်း EITI အစီရင်ခံစာမှရရှိသည့် Progress ရေးမှာဖြစ်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ချင်ကြောင်း၊ အဆိုပါ Essay အား မိမိတို့တင်မည်ဟု ဆုံးဖြတ်ထားကြောင်း၊ MSG ကအတည်ပြုပေးရန် လိုအပ်ကြောင်း၊ ထို့နောက် Country Booth လည်းယူမည်ဖြစ် ကြောင်း၊ Country Booth ယူမည်ဆိုပါက Organizer ကို contact လုပ်ရန်ရှိပြီး သဘောတူပါက မိမိတို့ dateline များဖြင့် အကြောင်းပြန်ဖို့ရှိပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်ကို အတည်ပြုပေးရန်၊ National Booth ကို space ယူပြီးတော့ ဆက်လက်အကောင်အထည်ဖော်ရန်၊ EITI Award အတွက် ယှဉ်ပြိုင်မည့် Essay တင်ရန် အတည်ပြုပေးရန်လိုအပ်ကြောင်း၊ တက်ရောက်မည့် နာမည်စာရင်း ထည့်ထားခြင်း ဖြစ်သည့်အတွက် conference တက်မှာဖြစ်သည့်အတွက် invitation letter ၊ delegate list လိုအပ်ပြီး International EITI သို့ အကြောင်းကြားရန်လိုအပ်သည့်အတွက် list အနေဖြင့်ထည့်ထားကြောင်း၊ သူတို့ရဲ့ကုန်ကျစရိတ်တွေကတော့ ထည့်တွက်ထားခြင်းမရှိကြောင်း၊ သီးခြားဘတ်ဂျက်ဖြင့်တက်မည့်သူများကို ဘတ်ဂျက်လျာထားခြင်းမရှိကြောင်း တင်ပြခဲ့သည်။ ၎င်းမှ MSG ကိုပြန်တင်ပြချင်သည်မှာ ဘတ်ဂျက်က ဒေါ်လာ ၁၀,၀၀၀ သတ်မှတ်ထားသည်ဟု MOBD က ပြောကြားထားကြောင်း၊ ဒေါ်လာ ၁၀၀၀၀ထက် ကျော်နေပါက မည်သို့ဆောင်ရွက်မည်ကို မျိုးဆုံးဖြတ်ချက်ပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း ထပ်မံတင်ပြခဲ့သည်။

၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း နည်းနည်းဖြည့်စွက်ဆွေးနွေးချင်သည်မှာ နိုင်ငံတော် အတိုင်ပင်ခံကို International EITI ကဖိတ်ခြင်းဖြစ်ပြီး ဖိတ်သည့်အတွက်ကြောင့် နိုင်ငံတော် အတိုင်ပင်ခံမတက်နိုင်သည့် အတွက် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ ကုန်ကျစရိတ်ကို ဖိတ်တဲ့ဌာနက အကုန်ကျခံဖို့ request ပြုလုပ်၍ ရနိုင်၊ မရနိုင် မေးမြန်းခဲ့သည်။ MOBD

မှတာဝန်ရှိသူကလည်း ဖိတ်ကြားခြင်းသည် ဖိတ်စာသာ ဖိတ်လိုက်ခြင်း ဖြစ်ပြီး ဖိတ်လိုက်သည့် သူများကို sponsor ပြုလုပ်ရာတွင် MSG Constituency သုံးခုက သုံးဦးကို သာ ဘတ်ဂျက်ကျခံထားကြောင်း တင်ပြခဲ့သည်။

၄။ ဦးဆောင်ကော်မတီတွင် ဝန်ကြီးသုံးယောက်အား ဖိတ်ထားပြီး နိုင်ငံတော်အတိုင်ပင်ခံကိုဖိတ်ခြင်းသည် invitation letteဖြင့် ဖိတ်ကြားထားခြင်းဖြစ်ကြောင်း၊ sponsor ပြုလုပ်ပြီး ဖိတ်ခြင်းမဟုတ်ကြောင်း MOBD မှ တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း တင်ပြခဲ့သည်မှာ မှန်ကန်ပြီး မိမိတို့ လည်း သဘောလည်းပေါက်ပါကြောင်း၊ စီစဉ်ပြီးသား ဖြစ်နေသဖြင့် National Coordinator ဆရာဦးစိုးဝင်းကလည်း ဒီဘတ်ဂျက်အခက်အခဲ အတွက်ကြောင့် မလိုက်တော့ဘူးဖြစ်လာသည့် အတွက်ကြောင့် request ပြုလုပ်၍ ရနိုင် ၊ မရနိုင် ဆွေးနွေးခဲ့သည်။

၅။ မိမိတို့နိုင်ငံက သယံဇာတကိစ္စတွင် နာမည်ပျက်ရှိကြောင်း၊ မိမိတို့ ပြုလုပ်ထားတဲ့ ရလဒ်များအား ချပြချင်ကြောင်း၊ ထို့အပြင်ဝန်ကြီးအနေဖြင့် ၎င်းသိက္ခာနဲ့သူ protocol လည်း ရှိရကြောင်း၊ မိမိတို့အနေဖြင့် MSG ၊ BO စသည့် သန်းပေါင်းများစွာတန်သည့် Extractive Industry တွင် ပြုလုပ်နေကြပြီး limitation က ဒေါ်လာ ၁၅၀၀၀ ပြုလုပ်၍ မရသည့် system အား ကျော်ဖို့ကြိုးစားခြင်းဖြစ်ကြောင်း၊ World Bank မှ မည်သို့ဖြေရှင်းပေးမလဲ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ Validation အပြင် ပြောလိုသည့်ကိစ္စများ အမှန်တကယ် ပြုလုပ်နေသည်များအား တင်ပြသင့်ကြောင်း ၎င်းက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

၆။ Workplan ကိုပြန်ကြည့်ပါက item ၂ လိုင်း ရှိကြောင်း၊ တစ်ခုက Global Conference အတွက် လျာထားသည့် Budget line ဖြစ်ပြီး နောက်တခုသည့် study tour များသွားသည့် Budget line ဖြစ်ကြောင်း၊ အဲ့ Budget line များဖြင့် ဆောင်ရွက်ပါက amount ကတော့ လုံလောက်မည်ဖြစ်ကြောင်း၊ သို့သော် MOBD နှင့် World Bank မှ လောလောဆယ် no objection သတ်မှတ်ထားသည်မှာ ဒေါ်လာ ၁၀,၀၀၀ ဖြစ်ပြီး ဒေါ်လာ ၁၀,၀၀၀ ကျော်သည့် အတွက် ပြန်ဆွေးနွေးပြီး တင်ပေးမည်ဟု ပြောထားကြောင်း နည်းပညာအကြံပေးမှတင်ပြခဲ့သည်။

၇။ ထို့နောက် ကိုယ်စားလှယ်များက **Global Conference 2019 နှင့်စပ်လျဉ်း၍ National Innovation Exchange တွင် မြန်မာနိုင်ငံ Booth အတွက် ပြသရန်၊ EITI Chair's Award အတွက် မြန်မာနိုင်ငံ အနေဖြင့် အဆိုပြုရန်နှင့် လိုအပ်သည့် essay ရေးသားလျှောက်ထားရန်၊ EITI Global Conference တွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန်အတွက် ကုန်ကျမည့်ကုန်ကျစရိတ်များ၊ အခြားနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမည့် Side Meetings များ၊ လိုအပ်သည့် Display ပြသရန် video,**

**report, infographic, poster, etc စသည့်တို့ထုတ်ဝေရန်အတွက် ကုန်ကျစရိတ်များသည် US$ 10,000 ထက်ကျော်လွန် ပါကလည်း MEITI Work Plan မှ ကျခံသုံးစွဲရန်၊ ယင်းဘတ်ဂျက်နှင့် ကုန်ကျစရိတ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များအား MOBD ၊ ကမ္ဘာ့ဘဏ်နှင့် NCS တို့မှ ဆက်လက် ဆွေးနွေးဆောင်ရွက်ရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၁၂။ EITI Reflection Conference နှင့်ပတ်သက်၍ တင်ပြခြင်း

၁။ NRGI မှတင်ပြရာ၌ NRGI အနေဖြင့် NCS နဲ့ ပူးပေါင်းပြီး အဆိုပါ Workshop facilitation ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ Reflection conference ဟုအမည်နာမည်ပေးထားကြောင်း၊ မိမိတို့ EITI ပြုလုပ်လာသည်မှာ ပြန်ကောက်ကြည့်မည်ဆိုပါက ၂၀၁၂၊၂၀၁၄ နှစ်အပိုင်းကနေ လုပ်လာပြီး အခု EITI Report ထွက်လာသည်မှာ လေးခုမြောက်ဖြစ်လာကြောင်း၊ ကြားထဲမှာလည်းပြန်ကြည့်ရင် အစိုးရ နှစ်ဆက်ကြားတွင်လည်း report လေးတခုထွက်လာကြောင်း၊ ပါဝင်ခဲ့သူတွေအားလုံးလည်း ကိုယ်ဘယ်လောက် ပါဝင်ကြိုးစားပြီး process ကိုအားထည့်ခဲ့လည်း မိမိတို့အားလုံးသိပါကြောင်း၊ သို့သော် တခါတရံ မိမိတို့က အနီးကပ်ရှိနေသည့်အခါမျိုးတွင် ကိုယ့်ရဲ့ achievement တွေနှင့် မိမိတို့ ဖြတ်သန်းပြီးတော့ရရှိခဲ့သည့်အကြောင်းအရာများ၊ မိမိတို့၏ milestone နှင့်ဖြတ်သန်းခဲ့သည်များကို သတိမမူမိတာမျိုးတွေဖြစ်တတ်ကြောင်း၊ ထို့အတွက်ကြောင့် မိမိတို့ မနှစ်တုန်းက EITI MSG meeting တွင်လည်း ကျွန်တော်တို့ Reflection လုပ်ရင်ကောင်းမည်ဟု ရည်ရွယ်ချက်ထားခဲ့ကြောင်း၊ ထို့အခါတွင် မိမိတို့ EITI ကိုဘာကြောင့်ပြုလုပ်သည်လဲဆိုသည်မှာ Report ထွက်ရန်သက်သက် မဟုတ်ဘဲ reform အတွက်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဲ့တော့ ပြန်ကြည့်လိုက်တော့ reform အတွက် မည်သည်များ ဖြစ်ခဲ့လည်းဆိုပါက တချို့ဟာတွေတော်တော်များများပေါ်ဖြစ်ခဲ့ကြောင်း၊ အားရလောက်ဖွယ် မရှိသော်လည်း နိုင်ငံအနေအထားနှင့် ပြန်ပြီးတော့ကြည့်မည်ဆိုပါက အရာမထင်ခဲ့တာလေးရှိခဲ့ကြောင်း၊ မိမိတို့ Mining Cadaster နှင့်ပတ်သက်ပြီးတော့ အကောင်အထည်ဖော်နေပြီး ရှေ့ဆက်သွားနေကြောင်း၊ နောက်ပြီးတော့ Beneficial Ownership ဆိုပါက Beneficial Ownership Task Force တွေဖွဲ့ပြီး workplan များနှင့်ရှေ့ဆက်သွားနေခြင်းများရှိကြောင်း၊ နောက်ပြီး EITI နှင့်ဆက်စပ်သည့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအပိုင်းတွင်လည်း အခွန်ကောက်မှုပိုင်း၊ အသုံးချမှုအပိုင်း၊ Citizen Budget အပိုင်း၊ ပွင့်လင်းမြင်သာမှုအပိုင်းတွင်လည်း ဒီနှစ်များပိုင်းတွင် သိသိသာသာတိုး တက်လာကြောင်း၊ အခု ဘေးထွက်အနေနှင့် အထူးသဖြင့်ကျောက်မျက်ရတနာပိုင်း စီမံအုပ်ချုပ်မှုအပိုင်း၊

ပထမဆုံးအကြိမ် အစိုးရအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများ၊ နောက်ပြီး စီးပွားရေးလုပ်ငန်းများကို ဖိတ်ခေါ်ပြီး policy မူဝါဒစံကို ကျကျနနရေးရာတွင်လည်းနှစ်နှစ်ရှိခဲ့ပြီးဖြစ်ကြောင်း တင်ပြခဲ့သည်။

၂။ ၎င်းမှ ဆက်လက်၍ ထိုကဲ့သို့ စွမ်းဆောင်ခဲ့မှုများအား ပြန်အမှတ်ရနိုင်သကဲ့သို့ ရှေ့တွင် ဆောင်ရွက်ရမည့် EITI Standard 2019 စံနှုန်းများကိုလည်း ကြိုတင်ပြင်ဆင်ခြင်း၊ မည်သို့သုံးသပ်မည်၊ ရှေ့အတွက်မိမိတို့ ပြန်လည် ပြင်ဆင်မည့်အချက်များ၊ Validation တွင်လည်း result ကလည်း မိမိတို့ Assessment team ကနေ တင်ပြီးတော့ validation result က မည်သို့ဖြစ်နေပါကာ မိမိတို့ လက်ရှိရရှိခဲ့သည့် အောင်မြင်မှုကို stakeholder တွေသိနေရန်ဖြစ်ပြီး မိမိတို့နိုင်ငံတော်တွင် သွားနေသည့် reform များနှင့် ချိတ်နေသည်ကို သိနေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် reflection ကိုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မျှော်မှန်း ထားသည့် ပါဝင်မည့် သူများ မိမိတို့ EITI တွင် ပါဝင်နေသည့် stakeholder အားလုံးကို consistency MSG ကိုယ်စားလှယ်အားလုံးကို လျာထားပါကြောင်း၊ ထို့နောက် မိမိတို့ တစ်ချို့သော လွှတ်တော်အပိုင်းက ကိုယ်စားလှယ်တွေကို လည်းလျာထားပါကြောင်း၊ Government EITI Working Committee က ပါဝင်ပတ်သက်နေသည့် သူတွေကိုလျာထားပါကြောင်း၊ Bo မှာပါဝင်ပတ်သက်နေသည့်သူများ၊ SNU unit များ ဖွဲ့ထားပြီဖြစ်သည့် ကိုယ်စားလှယ်တချို့ကိုလည်း ပါဝင်ရန် မျှော်မှန်းထားပါကြောင်း၊ နည်းပညာဖြင့် သော်လည်းကောင်း ငွေရေးကြေးရေးနဲ့သော်လည်းကောင်း ကူညီပေးနေတဲ့ ဖွံ့ဖြိုးရေးအဖွဲ့များကို လည်းလျာထားပါကြောင်း၊ အစိုးရဘက်က အဆင်ပြေသည့် နေပြည်တော်တွင် ပြုလုပ်မည် ဖြစ်ပါကြောင်း၊ မေလ ၂၈ ရက်ကို NCS တို့နဲ့ညှိနှိုင်းပြီး approve လုပ်ရန်ဆွေးနွေးထားပါကြောင်း တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက **EITI Reflection Conference အား မေလ (၂၇-၂၈) ရက်နေ့၌ နေပြည်တော် တွင် ကျင်းပရန်၊ ကုန်ကျစရိတ်အား NRGI မှ ကျခံရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၁၃။ Exposure Trip on Mining Decentralizaton နှင့်ပတ်သက်၍ တင်ပြခြင်း

၁။ နောက်တခုက MSG ရဲ့ exposure trip ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ SNU များလည်း ဖွဲ့ထားကြောင်း၊ ၂၀၁၆နောက်ပိုင်းတွင် အခြေခံဥပဒေကိုပြင်ဆင်ထားမှုများရှိပြီး သယံဇာတကဏ္ဍ ပိုင်းအပြောင်း အလဲရှိကြောင်း၊ တိုင်းနဲ့ပြည်နယ်များကိုဥပဒေပြုခွင့်ပြုထားသည်များရှိကြောင်း၊ Mining Law နှင့် Gems law များ ပြောင်းလာကြောင်း၊ License ထုတ်ပေးခြင်းတွင် အသေးစားနှင့် လက်လုပ်လက်စားများပါဝင်လာကြောင်း၊ ငြိမ်းချမ်းရေးအတွက်လည်း ကောင်းမွန် ကြောင်း၊

Decentralization သဘောတရားအရ အစိုးရဥ ပဒေအောက်ခြေထိရောက်ရန်အတွက် အောင်မြင်သည်များ ရှိသကဲ့သို့ အခက်ခဲတွေလည်းရှိကြောင်း၊ အင်ဒိုနီးရှားသည် မိမိတို့နိုင်ငံကဲ့သို့ အစိုးရဘက်က ကြီးစိုးမှုများခဲ့ပြီး ၁၉၉၈နောက်ပိုင်းတွင် ပြောင်းလဲခဲ့ကြောင်း၊ ထို့ကြောင့် Decentralization ကအရေးပါကြောင်း၊ သယံဇာတပိုင်းမှာ Decentralization လုပ်သည့် အတွေ့အကြုံရနိုင်ကြောင်း တင်ပြခဲ့သည်။

၂။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့အနေဖြင့် ၎င်းတို့၏ process ကိုလေ့လာဖြစ်ကြောင်း၊ Decentralization မှ ကောင်းကျိုးခံစားမှုများရှိခဲ့ကြောင်း၊ ပြည်တွင်း နိုင်ငံငြိမ်းချမ်းရေးလည်းရခဲ့ကြောင်း ဆွေးနွေးခဲ့သည်။ Indonesia က systematic disclosure ရှိပြီးသားဖြစ်ပြီးသားဖြစ်သည့်အတွက် E-Government ရှိလို့ အရေးပါ၊ မပါ ထည့်သွင်းစဉ်းစား နိုင်ကြောင်း၊ Field trip သွားရန်အတွက် KPK ဆိုသည့် Anti-corruption commission သို့လည်း သွားရန်စီစဉ်ထားကြောင်း၊ အင်ဒိုနီးရှား အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ရန်လည်း စီစဉ်ထားကြောင်း၊ Global Conference အပြီး သွားရန် မျော်မှန်းထားပါကြောင်း၊ တိုင်းဒေသရှိသည့် သယံဇာတဆိုင်ရာ အရေးကြီးသည့် Board members များကို ခေါ်ရန် အဆိုပြုပါကြောင်း၊ MONREC နှင့် MOPF မှ တာဝန်ရှိသူများ ပါနိုင်ပါက ပိုမိုကောင်းမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၃။ ခရီးစဉ်ကို တနင်္ဂနွေနေ့ ရှေ့ပိတ်နောက်ပိတ်ပြုလုပ်ပေးရန် တိုက်တွန်းပါကြောင်း၊ SNUs များလည်း ပါဝင်ရန်လျာထားကြောင်း၊ Resource rich ဆိုတော့ ထပ်ထည့်လို့ရရင်ကောင်း၊ (၁၅) ယောက်ဖြစ်သဖြင့် မိမိတို့ NRGI ကတတ်နိုင်သည့် Budget နှင့် NCS ကရှိသည့် ဘတ်ဂျက်နှင့်မှန်း၍ လျာထားကြောင်း၊ Sponor လုပ်ပြီးခေါ်ချင်လည်းရကြောင်း၊ စစ်ကိုင်း၊ ရှမ်း၊ ကချင်ပါရင် ပြည့်စုံကြောင်း NRGI ကတင်ပြခဲ့ပြီး SNU များမှ Sub-committee ကရွေးချယ်ခြင်း ရှိ၊ မရှိ နှင့် ပြည်နယ်နှင့်တိုင်းဝန်ကြီးများကို ဦးစားပေးချင်ကြောင်း အစိုးရ ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း တစ်ခုသတိပြုစေချင်သည်မှာ ပြည်နယ်နှင့်တိုင်းဝန်ကြီးတွေက လိုက်ချင်ကြကြောင်း၊ သို့သော်လည်းပဲရောက်ဖူးချင်၍ လိုက်ချင်သည် မဟုတ်ဘဲ ၎င်းတို့ကို ခေါ်ပါက level တူအဖွဲ့အစည်းမှ ခေါ်မှသာ ရမည်ဖြစ်ကြောင်း၊ NRGI ကခေါ်၍ မရကြောင်း၊ အဆိုပါကိစ္စကို နည်းနည်းသတိထားစေချင်ကြောင်း NRGI ကတင်ပြခဲ့သည်။ Indonesia ကသူတို့ အစိုးရဘက်က head တွေကနေ invitation ပုံစံ လုပ်ပေးလို့ရကြောင်း၊ Date က နှစ်လအကြာကြို လုပ်ထားမှအဆင်ပြေမည်ဖြစ်ကြောင်း NCS မှဆွေးနွေးခဲ့သည်။

၄။ ထို့နောက် **Exposure Trip on Mining Decentralization to Indonesia ခရီးစဉ်နှင့်စပ်လျဉ်း၍ ကချင်၊ စစ်ကိုင်း၊ ရှမ်း၊ မန္တလေး အစိုးရအဖွဲ့များအား ဦးစားပေးရန်၊ ပြည်ထောင်စုနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအပြင် ပြည်နယ်/တိုင်းလွှတ်တော် ကိုယ်စားလှယ်များ၊ Policy Maker များအား ထည့်သွင်းစဉ်းစားရန်၊ ခရီးစဉ်အား ဇူလိုင် (၇) ရက်မှစသည့်အပတ်ကိုလျာထားရန်** ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

## ၁၄။ အထွေထွေဆွေးနွေးခြင်း

၁။ Training fund နှင့်ပတ်သက်၍ report သဘောသဘာဝကို အလွယ်တကူနားလည်စေရန် လိုအပ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ပြီး Training Fund နှင့် Research and Development Fund အတွက် MOGE မှ အသေးစိတ်ဖော်ပြရှင်းလင်းချက်အား ပေးရန်၊ Report Cover အတွက် MEITI ကိုထင်ဟပ်စေမည့် Cover သုံးပေးရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

၂။ အစီရင်ခံစာပါအကြံပြုတိုက်တွန်းချက်များ အသေးစိတ်ဆွေးနွေးနိုင်ရန် အတွက် လုပ်ငန်းကော်မတီ ကျင်းပရန် NCS မှ အဆိုပြုခဲ့ပြီး ကိုယ်စားလှယ်များက သဘောတူဆုံးဖြတ်ခဲ့သည်။ ထို့နောက် MSG Governance နှင့်စပ်လျဉ်း၍ အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ် များအား လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန်လည်း ဆုံးဖြတ်ခဲ့သည်။ ပုလဲကဏ္ဍနှင့်ပတ်သက်၍ အစီရင်ခံစာဒေတာပေးခြင်းကိစ္စရပ်နှင့်ပတ်သက်၍ ဒေတာလုံခြုံမှုကိစ္စရပ်များအား Myanmar Tasaki မှ တာဝန်ရှိသူများမှ မေးခွန်းမေးမြန်းမှုများရှိနေသဖြင့် MPE ၏ အကြီးတန်းတာဝန်ရှိသူများနှင့် Myanmar Tasaki မှ မြန်မာနိုင်ငံ တာဝန်ခံ၊ နိုင်ငံခြားတာဝန်ခံများအား ဖိတ်ခေါ်၍ နည်းပညာနှင့်အစီရင်ခံ စာလုပ်ငန်းခွဲကော်မတီတွင်ရှင်းပြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

# (၂၁) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့

## အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၉ ခုနှစ်၊ မေလ (၃) ရက် ဆူးလေရှန်ဂရီလာဟိုတယ်၊ ရန်ကုန်

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့် အချိန် | တာဝန် ရှိသူ |
|---|---|---|---|
| ၁ | • နောက်ဆက်တွဲအစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ အတွက် ထုတ်လုပ်မှုတန်ဖိုးကို IA မှ အစည်းအဝေးတွင် တင်ပြထားသည့်အတိုင်း တွက်ချက်၍ ထည့်သွင်းဖော်ပြပေးရန်၊<br>• ယင်းတွက်ချက်ပုံနှင့်စပ်လျဉ်း၍ IA မှရှင်းလင်းတင်ပြချက် ထည့်သွင်းရန်၊<br>• OA အကောင့်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖော်ပြရေးသားရန်၊<br>• Training Fund နှင့် Research and Development Fund အတွက် MOGE မှ အသေးစိတ်ဖော်ပြရှင်းလင်းချက်အား ပေးရန်၊<br>• Report Cover အတွက် MEITI ကိုထင်ဟပ်စေမည့် Cover သုံးပေးရန်၊ | | |
| ၂ | BO Presidential Decree တွင် အောက်ပါအတိုင်း ပြင်ဆင်ရန် -<br>• အပိုဒ် (၁) နှင့် အပိုဒ် (၁၂) တွင် ဖွဲ့စည်းတည်ထောင်မှုအမျိုးအစားများနှင့်ပတ်သက်၍ DICA မှ သတ်မှတ်ထားသည့် အမျိုးအစားများအ တိုင်းထည့်သွင်းဖော်ပြရန်၊<br>• အပိုဒ် (၃) တွင် "ဓါတ်သတ္တု ("ကျောက်စိမ်း၊ ကျောက်မျက်၊ တူးဖော်ထုတ်လုပ် ရောင်းချခြင်း" ) ၊ ပုလဲ၊ သစ်တော" ဖြည့်စွက်ထည့်သွင်းရန်၊<br>• အပိုဒ် (၅)၊ (၆) နှင့် (၁၁) တို့သည် ဆိုလိုရင်းတူသဖြင့်ပေါင်းရန်၊ စကားလုံးအသုံးအနှုန်းများအား BO လုပ်ငန်းစဉ်နှင့် ထင်ဟပ်ကိုက်ညီ အောင် ပြောင်းလဲရန်၊<br>• အပိုဒ် (၁၀) တွင် "တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ" ဆိုသည့်စာသားအားဖြုတ်ရန်၊ | | |

| | | | |
|---|---|---|---|
| | • အမိန့်ကြော်ငြာစာအား အရေးအသား ကျစ်လစ်စေရန်နှင့် အမိန့် ကြော်ငြာစာနှင့် အသွင်တူသော အသုံးအနှုန်းများအတိုင်း ပြင်ဆင်ရေး သားရန်<br>• “ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်” ဟုသော စကားရပ်အား ထည့် သွင်းရန်၊<br>အမိန့်ကြော်ငြာစာအား ယင်းအချက်များနှင့် ကိုက်ညီအောင်ပြင်ဆင်၍ ရှေ့နေ ချုပ်ရုံးနှင့် မဆွေးနွေးမီ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ဖြန့်ဝေရန် | | |
| ၃ | NRGI မှ Resource Person အားဖိတ်ခေါ်၍ BO သင်တန်းပေးရန်အတွက် MEITI Work Plan ၏ ဘတ်ဂျက်လိုင်း 3.2.1 – Capacity Development မှ သုံးစွဲခွင့်ပြုရန်၊ | | |
| ၄ | • ဆဋ္ဌမအကြိမ်မြောက်နှင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာများအတွက် IA တစ်ဦးတစ်ဖွဲ့တည်း ငှားရမ်းရန်၊<br>• ယင်း IA မှ Timeline နှစ်ခုဖြင့် အစီရင်ခံစာများအား ထုတ်ပြန် ပေးရန်၊ | | |
| ၅ | အစီရင်ခံစာပါအကြံပြုတိုက်တွန်းချက်များ အသေးစိတ်ဆွေးနွေးနိုင်ရန် အတွက် လုပ်ငန်းကော်မတီကျင်းပရန်၊ | | |
| ၆ | • Systematic Disclosure အပါအဝင် အခြားနည်းပညာ ဆိုင်ရာလုပ်ငန်းစဉ် အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ်များအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်း ခွဲကော်မတီတွင်ဆွေးနွေးရန်<br>• MSG Governance နှင့်စပ်လျဉ်း၍ အသေးစိတ်ဆောင်ရွက်ရန်ကိစ္စရပ် များအား လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန်၊<br>• ပုလဲကဏ္ဍနှင့်ပတ်သက်၍ MPE ၏ အကြီးတန်းတာဝန်ရှိသူများနှင့် Myanmar Tasaki မှ မြန်မာနိုင်ငံတာဝန်ခံ၊ နိုင်ငံခြားတာဝန်ခံများအား ဖိတ်ခေါ်၍ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင်ရှင်းပြရန်၊ | | |
| ၇ | သစ်တောကဏ္ဍအစီရင်ခံစာများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များအား သဘောတူသည်-<br>• ဒုတိယနှင့်တတိယအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာ (မြန်မာ ဘာသာ) များအား တစ်အုပ်တည်းပေါင်း၍ ထုတ်ဝေရန်၊ | | |

| | | | |
|---|---|---|---|
| | • အရေအတွက်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ (၂၀၀) စီ နှင့် မြန်မာဘာသာဖြင့် အုပ်ရေ (၂၀၀၀) အား ဘက်ဂျက်နှင့်ချိန်ညှိ ထုတ်ဝေရန်၊<br>• အစီရင်ခံစာထုတ်ပြန်မည့်နေ့ရက်များအား Forest Trend နှင့် ပြန်လည် ညှိနှိုင်းရန်၊ | | |
| ၈ | Global Conference 2019 နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအား သဘောတူသည်-<br>• National Innovation Exchange တွင် မြန်မာနိုင်ငံ Booth အတွက် ပြသရန်၊<br>• EITI Chair's Award အတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပြုရန်နှင့် လိုအပ်သည့် essay ရေးသားလျှောက်ထားရန်၊<br>• EITI Global Conference တွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန်အတွက် ကုန်ကျမည့်ကုန်ကျစရိတ်များ၊ အခြားနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမည့် Side Meetings များ၊ လိုအပ်သည့် Display ပြသရန် video, report, infographic, poster, etc စသည့်တို့ထုတ်ဝေရန်အတွက် ကုန်ကျစရိတ်များသည် US$ 10,000 ထက်ကျော်လွန်ပါကလည်း MEITI Work Plan မှ ကျခံသုံးစွဲရန်၊<br>• ယင်းဘတ်ဂျက်နှင့် ကုန်ကျစရိတ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များအား MOBD ၊ ကမ္ဘာ့ ဘဏ်နှင့် NCS တို့မှ ဆက်လက်ဆွေးနွေးဆောင်ရွက်ရန်။ | | |
| ၉ | EITI Reflection Conference အား မေလ (၂၇-၂၈) ရက်နေ့၌ နေပြည်တော် တွင် ကျင်းပရန်၊<br>• ကုန်ကျစရိတ်အား NRGI မှ ကျခံမည်။ | | |
| ၁၀ | Exposure Trip on Mining Decentralization to Indonesia ခရီးစဉ်နှင့်စပ် လျဉ်း၍ -<br>• ကချင်၊ စစ်ကိုင်း၊ ရှမ်း၊ မန္တလေး  အစိုးရအဖွဲ့များအား ဦးစားပေးရန်၊<br>• ပြည်ထောင်စုနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအပြင် ပြည်နယ်/တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၊ Policy Maker များအား ထည့်သွင်းစဉ်းစားရန်၊<br>• ခရီးစဉ်အား ဇူလိုင် (၇) ရက်မှစသည့်အပတ်ကိုလျာထားရန်၊ | | |

| | | | |
|---|---|---|---|
| ၁၁ | • Supplementary Report အား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ တွင် ဆွေးနွေးအတည်ပြုရန်၊<br>• EITI Implementation Structure အစီရင်ခံစာနှင့်စပ်လျဥ်း၍ လုပ်ငန်းအစီအစဥ်နှင့်စီမံ အုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန်၊ | | |
| ၁၂ | အစည်းအဝေးလျာထားရက်များ -<br>• (၂၂) ကြိမ်မြောက် MSG အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဇွန်လ (---) ရက်နေ့တွင် ကျင်းပရန်<br>• Mining Cadaster Evaluation အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (---) ရက်နေ့တွင် ကျင်းပရန်၊<br>• နည်း/စီ အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ကျင်းပရန်<br>• လုပ်ငန်း/စီ အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ကျင်းပရန်၊<br>• ပြန်/ဆက်အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် ကျင်းပရန်၊<br>• ရွေးချယ်ရေးကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့တွင် ကျင်းပရန်၊ | | |

**အကြံပြုဆွေးနွေးချက်များ**

- အစီရင်ခံစာပါအကြံပြုတိုက်တွန်းချက်များနှင့် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းဆိုင်ရာ အကြံပြုမှတ်ချက်များအား Reform အတွက်အထောက်အကူဖြစ်စေမည့် မေးခွန်းပုံစံများ အဖြစ်ပြောင်းလဲ၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ EITI ဦးဆောင် ကော်မတီတွင် တင်ပြခြင်းများပြုလုပ်ရန်၊
- Corrective Actions များအား ကဏ္ဍတစ်ခုချင်းစီအလိုက်ဆွေးနွေးခြင်းနှင့် ကဏ္ဍအားလုံးစုပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် စီစဉ်ညှိနှိုင်းရန်၊
- လုပ်ငန်းခွဲကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များသွားလာရန်လွယ်ကူမည့် နေ့ရက်များအား ချိန်ညှိစီစဉ်ပေးရန်၊
- Presidential Decree (မူကြမ်း) ပါ အပိုဒ် (၉) နှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးနှင့်ဆွေးနွေးရန်၊ (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေနှင့်လည်း ချိန်ညှိရန်)

နောက်ဆက်တွဲ (၁) အစည်းအဝေးအစီအစဉ်

## (၂၁) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေး
## အစည်းအဝေးအစီအစဉ်

**၂၀၁၉ ခုနှစ်၊ မေလ (၃) ရက်** **ဆူးလေရှန်ဂရီလာဟိုတယ်၊ ရန်ကုန်**

| အချိန် | အကြောင်းအရာ | လုပ်ပုဂ္ဂိုလ်/ အဖွဲ့အစည်း |
|---|---|---|
| ၀၉း၃၀ - ၀၉း၄၀ | အဖွင့်အမှာစကား | MSGဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌ |
| ၀၉း၄၀ - ၀၉း၅၅ | (၂၀) ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် ဆက်စပ်အခြေအနေများအား ရှင်းလင်း တင်ပြခြင်း | NCS |
| ၀၉း၅၅ - ၁၀း၃၅ | စတုတ္ထအကြိမ်မြောက် EITI အစီရင်ခံစာနှင့် နောက်ဆက်တွဲအစီရင်ခံစာ (Supplementary Report) အကြောင်းတို့အား တင်ပြခြင်း | PwC |
| ၁၀း၃၅ - ၁၀း၄၅ | ပဥ္စမအကြိမ်မြောက် EITI အစီရင်ခံစာအတွက် IA ငှားရမ်းမည့် အခြေအနေနှင့် အစီရင်ခံစာကာလ နှင့်စပ်လျဉ်း၍နောက်ဆုံး အခြေအနေအား တင်ပြခြင်း | MOBD၊ NCS |
| ၁၀း၄၅ - ၁၁း၀၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၁း၀၀ - ၁၁း၂၅ | EITI Standard 2019 အားရှင်းလင်းတင်ပြခြင်း | NCS |
| ၁၁း၂၅ - ၁၁း၅၅ | Systematic Disclosure ၏ ToR အားရှင်းလင်းတင်ပြခြင်း | NCS |
| ၁၁း၅၅ -၁၃း၀၅ | **နေ့လည်စာ သုံးဆောင်ခြင်း** | |
| ၁၃း၀၅ - ၁၃း၃၅ | Recommendation Workshop နောက်ဆုံးအခြေအနေအားတင်ပြခြင်း | NCS |
| ၁၃း၃၅ - ၁၄း၀၀ | EITI Global Conference နောက်ဆုံးအခြေအနေအားတင်ပြခြင်း | NCS |
| ၁၄း၀၀ - ၁၄း၄၀ | • BO နောက်ဆုံးအခြေအနေအား တင်ပြခြင်း<br>• သစ်တောကဏ္ဍအစီရင်ခံစာ ဘာသာပြန်မှုအား အတည်ပြုချက်ရယူခြင်း<br>• Mining Cadastre Phase II Consultant ရွေးချယ်ထားမှု အခြေအနေအား တင်ပြခြင်း<br>• MEITI Work Plan နှင့်ပတ်သက်၍တင်ပြခြင်း | MOBD၊ NCS |
| ၁၄း၄၀ - ၁၅း၀၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၅း၀၀ - ၁၅း၃၀ | EXPOSURE TRIP ON MINING DECENTRALIZATION to Indonesia ခရီးစဉ်နှင့် EITI Reflection Conference နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း | NRGI |
| ၁၅း၃၀ - ၁၆း၂၀ | အထွေထွေ ဆက်လက်ဆွေးနွေးခြင်း နှင့် ဆုံးဖြတ်ချက်များ ပြန်လည်စစ်ဆေးအတည်ပြုခြင်း | MSG |
| ၁၆း၂၀ - ၁၆း၃၀ | နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နောက်ဆက်တွဲ (၂)    (၂၁) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတက်ရောက်သူများစာရင်း (စုစုပေါင်း (၇၁) ဦး၊ ကျား -၄၉ ဦး ၊ မ - ၂၂ ဦး )

| စဉ်<br>Sr. | အမည် (Name) | အဖွဲ့အစည်း<br>Department/Organization | တာဝန်<br>Position |
|---|---|---|---|
| | | Chair Persons | |
| 1 | ဦးမောင်မောင်ဝင်း<br>U Maung Maung Win | MOPF | Deputy Minister, MSG Chairman |
| 2 | ဦးခင်လတ်ကြီး<br>U Khin Latt Gyi | DOM | DDG, MSG Deputy Chairman |
| | | MSG (Government Members) | |
| 3 | ဦးကျော်သက်<br>U Kyaw Thet | DOM | DDG |
| 4 | ဦးအေးနိုင်<br>U Aye Naing | GAD | DD |
| 5 | ဦးသန်းဌေးအောင်<br>U Than Htay Aung | MOGE | Advisor |
| 6 | ဒေါ်လှလှကျိန်<br>Daw Hla Hla Kyein | OAG | Director |
| 7 | ဒေါ်ကြူကြူဝင်း<br>Daw Kyu Kyu Win | MGE | Manager |
| 8 | ဒေါ်မူမူစော<br>Daw Mu Mu Saw | IRD | Director |
| 9 | ဦးစိုးရီ<br>U Soe Yee | MTE | AGM |
| | | MSG (Private Members) | |
| 10 | ဦးခင်မောင်ဟန်<br>U Khin Maung Han | MFMA | Chairman |
| 11 | ဒေါက်တာစိန်ဝင်း<br>Dr.Sein Win | MFPTMA | Chairman |
| 12 | ဦးဇော်ဘိုခန့် | MGJEA | Chairman |

| | | | |
|---|---|---|---|
| | U Zaw Bo Khant | | |
| 13 | ဦးသက်ဝင်းထွန်း<br>U Thet Win Tun | MGJEA | CEC |
| 14 | ဦးဝင်းတင်<br>U Win Tin | Total | Head of PSC & Partners Reporting |
| 15 | ဦးမျိုးဇော်ဦး<br>U Myo Zaw Oo | MPRL Exp | Director for Government & Public Affairs |
| MSG (CSO Members) | | | |
| 16 | ဒေါ်မိုးမိုးထွန်း<br>Daw Moe Moe Tun | MATA | MSG member |
| 17 | ဦးဝင်းမျိုးသူ<br>U Win Myo Thu | MATA | MSG Member |
| 18 | ဦးကျော်သူ<br>U Kyaw Thu | MATA | MSG Member |
| 19 | ဦးနိုင်လင်းထွဋ်<br>U Naing Lin Htut | MATA | MSG Member |
| 20 | ဦးသန့်ဇင်<br>U Thant Zin | MATA | MSG Member |
| 21 | ဦးအောင်ကျော်မိုး<br>U Aung Kyaw Moe | MATA | MSG Member |
| 22 | ဦးရဲသိမ်းဦး<br>U Ye Thein Oo | MATA | MSG Member |
| 23 | ဦးအောင်ဘိုဘိုထက်<br>U Aung Bo Bo Htet | MATA | MSG Member (Alternate) |
| SNU Members | | | |
| 24 | ဦးစံငွေ<br>U San Ngwe | Member | Tanintharyi SNU |
| 25 | ဦးသန့်ဇင်ဦး<br>U Thant Zin Oo | Member | Sagaing SNU |
| 26 | ဦးအောင်နိုင် | Member | Sagaing SNU |

| | | | |
|---|---|---|---|
| | U Aung Naing | | |
| 27 | ဦးကျော်သူရိန်အောင်<br>U Kyaw Thu Yein Aung | Member | Magwe SNU |
| 28 | ဒေါ်မိမိသိန်း<br>Daw Mi Mi Thein | MATA (MSG Alternate) | Shan SNU |
| | | MOBD | |
| 29 | ဒေါ်ခင်ခင်လွင်<br>Daw Khin Khin Lwin | MOBD | Director |
| 30 | ဒေါ်နန်းလှလှမင်း<br>Daw  Nan Hla Hla Min | MOBD | DD |
| 31 | ဒေါ်မိုင်ခင်နွေးရှိန်<br>Daw Mai Khin Nway Shein | MOBD | SO |
| | | Development Partners and Observers | |
| 32 | ဒေါ်သင်ဇာထွန်း<br>Tinzar Tun | WB | Consultant |
| 33 | Shona Skirkwood | WB | Consultant |
| 34 | ဒေါ်ယုယုနိုင်<br>Daw Yu Yu Naing | DFID | Advisor |
| 35 | ဒေါ်ဇင်လင်းလင်းချစ်<br>Daw Zin Lin Lin Chit | DFID | Programme Officer |
| 36 | ဦးမော်ထွန်းအောင်<br>U Maw Htun Aung | NRGI | Country Manager |
| 37 | Mr. Hosana | NRGI | Associate |
| 38 | ဒေါ်အေးကြည်သာဆွေ<br>Daw Aye Kyi Thar Swe | NRGI | Associate |
| 39 | ဦးထူးအောင်<br>U Htoo Aung | MATA | PC |
| 40 | ဦးသူရိန်<br>U Thurein | MATA | |
| 41 | ဦးမြတ်ဘုန်းဇော် | MATA | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| | U Myat Phone Zaw | | |
| 42 | ဦးဘုန်းပြည့်ကြွယ်<br>U Phone Piay Kyawe | MATA | Coordinator |
| 43 | ဦးမျိုးမင်းသန့်<br>U Myo Min Thant | MATA | Coordinator |
| 44 | ဦးဝင်းမော်<br>U Win Maw | MOEE | DD |
| 45 | ဦးအောင်လွင်<br>U Aung Lwin | MOPF | AD |
| 46 | ဦးကျော်ဇော်ထွန်း<br>U Kyaw Zaw Htun | DOM | AGO |
| 47 | ဒေါ်ခွာညိုဌေးကို<br>Daw Khwar Nyo Htay Ko | MGE | G1 (Gem Sector) |
| 48 | ဦးကျော်လင်း<br>U Kyaw Lynn | MFMA | MSG Alternate |
| 49 | ဒေါက်တာအောင်ကျော်လှိုင်<br>Dr. Aung Kyaw Hlaing | MFMA | EC |
| 50 | Mr. Oliver Sonnatr | UBA | ULA |
| 51 | ဦးကြူလှိုင်<br>U Kyu Hlaing | KMPC/MEHL | AGM |
| 52 | ဦးလှမျိုး<br>U Hla Myo | MEHPCL | GM |
| 53 | ဦးသန်းလင်း<br>U Than Linn | MEHPCL | Interpreter |
| 54 | Ya Ya | AYBS | Interpreter |
| 55 | Steel Bo Bo | IDA | |
| PwC Team Member | | | |
| 56 | Ms. Belinda Neo | PwC | Managing Director |
| 57 | Ms. April Aye Thagyan | PwC | Manager |
| MEITI-NCS | | | |

| | | | |
|---|---|---|---|
| 58 | ဦးစိုးဝင်း<br>U Soe Win | NCS | National Coordinator |
| 59 | ဦးအောင်ခိုင်<br>U Aung Khine | NCS | Policy Development and Technical Advisor |
| 60 | ဦးကျော်သူရ<br>U Kyaw Thura | NCS | Program Manager |
| 61 | ဒေါ်ဇင်မာမြိုင်<br>Daw Zin Mar Myaing | NCS | Technical Advisor |
| 62 | ဦးထွန်းပေါ်ဦး<br>U Htun Paw Oo | NCS | Technical Specialist |
| 63 | ဒေါ်စန္ဒာမြင့်<br>Daw Sandar Myint | NCS | BO Coordinator |
| 64 | ဒေါ်အေးချမ်းဝေ<br>Daw Aye Chan Wai | NCS | Technical Officer |
| 65 | ဦးစိုးသီဟနိုင်<br>U Soe Thiha Naing | NCS | Admin Officer |
| 66 | ဒေါ်ထက်နန္ဒာအောင်<br>Daw Htet Nandar Aung | NCS | C&O Officer |
| 67 | ဦးကျော်သင်းမောင်<br>U Kyaw Thin Maung | NCS | Program Assistant |
| 68 | ဒေါ်ရွှေရည်အောင်<br>Daw Shwe Yi Aung | NCS | Finance Officer |
| 69 | ဦးတက်ထွန်းဆိုင်<br>U Tat Tun Sai | NCS | Admin Assistant |
| 70 | ဦးဇင်ကိုကိုအောင်<br>U Zin Ko Ko Aung | NCS | C&O A |
| 71 | ဦးမောင်မောင်မြင့်လွင်<br>U Maung Maung Myint Lwin | NCS | IT Officer |